The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0045
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်




# ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော်၊ နိုဝင်ဘာ ၈

**လယ်**ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် ကရင်ပြည်နယ်တွင် ရောက်ရှိနေသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် နိုဝင်ဘာ ၆ ရက်နေ့ နေ့လယ်ပိုင်းတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ (ဘားအံ)အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား တွေ့ဆုံ အမှာစကား ပြောကြားရာ၌ နိုင်ငံ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေး ကြိုးပမ်းရာတွင် လက်တွေ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်ကျွမ်းကျင်သူများ မွေးထုတ်ပေးလျက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ အခန်း ကဏ္ဍ သည် များစွာအရေးပါကြောင်း ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းသား ကျောင်းသူများ အနေဖြင့် ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှုရှိစေရေး အပြင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးကြိုးပမ်းချက်များနှင့် တောင်သူလယ်သမားများအား လက်တွေ့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၌ အားကိုးအားထားပြုရသူများ အဖြစ် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ စွမ်းဆောင်နိုင်ကြသည့် လူချွန်လူကောင်းများဖြစ်အောင် တစ်ပါတည်း လေ့ကျင့် သင်ကြားပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ဘွဲ့ကြို စိုက်ပျိုးရေးနှင့်မွေးမြူရေး ပညာရပ်များ ဆက်လက်ဆည်းပူးလိုကြသည့် ကျောင်းသား ကျောင်းသူများအား တိုးချဲ့ ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် တက်ရောက်နိုင်ကြစေရန် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ မွေးမြူရေး ဘာသာရပ် အတွက် လက်တွေ့ သင်ထောက်ကူဆောင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးဇုန်(မိဓံ)သို့ သွားရောက်ပြီး ဝက်နှင့် ဆိတ် မွေးမြူလုပ်ကိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ပုဂ္ဂလိက မွေးမြူရေး လုပ်ငန်းရှင်များအားတွေ့ဆုံကာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြစ်၍ လုပ်ငန်းရှင် တစ်ဦးချင်းက မှန်ကန်စွာ ကြိုးစားလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းတိုးချဲ့အောင်မြင်အောင် ဆောင်ရွက်ရန် မွေးမြူရေးဇုန်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးနှင့် မွေးမြူရေးတိရစ္ဆာန် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ မွေးမြူရေးသုံး ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

MOALI

စားတော်ပဲ အခွန်လွတ်တင်သွင်းခွင့် အိန္ဒိယ ရပ်ဆိုင်း
စာ-၇

အစာစရိတ်သက်သာသည့် မြက်စားငါးကြွင်း မွေးမြူရေး
စာ-၁၆

# တောင်သူများ ပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းရွေးချယ်ပွဲ နှင့် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

တောင်သူများ ပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းများ ရွေးချယ်ပွဲ ကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ၊ စပါးသုတေသန ဗဟိုဌာန စိုက်ကွင်း၌ကျင်းပသည်။

စပါးမျိုးလိုင်းများ ရွေးချယ်ပွဲတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားရာတွင် သီးနှံအထွက်နှုန်းနှင့် အရည်အသွေး မြင့်မားမှသာ တောင်သူများ တွက်ခြေကိုက်အကျိုးအမြတ်ကို ရရှိစေနိုင်မည်ဖြစ်ရာ နိုင်ငံတော်က ပုဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍကို အထူးအားပေးဆောင်ရွက်လျက်ရှိသော်လည်း မျိုးစေ့လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ သို့ဖြစ်၍ လယ်ယာကဏ္ဍတစ်ခုလုံး မျိုးကောင်းမျိုးသန့်သုံးစွဲမှုလွှမ်းခြုံနိုင်အောင် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေးကိုဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနက နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရည်အသွေးကောင်းမျိုးမွေးမြူရေးနှင့် မျိုးစေ့ထုတ်ခြင်းကို တောင်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှသာ လူမှုစီးပွားဘဝများ သိသာစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်သူများနှင့်အတူ စပါးမျိုးလိုင်းရွေးချယ်ပွဲ တွင် ပြသထားသည့် စပါးမျိုးလိုင်းများ၏ စားသုံးမှု အရည်အသွေး စမ်းသပ်ခြင်းများနှင့် ကွင်းအတွင်း စိုက်ပျိုးပြသထားသည့် စပါးမျိုးလိုင်းများအား လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူ နည်းပညာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေး စိုက်ပျိုးရေးလုပ်သားများ၏ ကျန်းမာရေးကို ကာကွယ်ရေး နှင့် စားသုံးသူများဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေး ထွက်ကုန်များတွင် ဓာတု ဓာတ်ကြွင်းများ၊ ရောဂါပိုးမွှားများကင်းစင်ပြီး နိုင်ငံတကာ ဈေးကွက်သို့ အရည်အသွေးပြည့်ဝစွာ တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စပါးအပြီး ပဲမျိုးစုံနှင့်ယာသီးနှံများစိုက်ပျိုးရာတွင် အခါမဲ့မိုးကြောင့် သီးနှံပျက်စီးမှုမရှိစေရန်နှင့် ဖြည့်စွက်ရေ အလွယ်တကူသွင်းနိုင်စေရန် ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် ၈၉ ကြိမ်မြောက် တောင်သူ နည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ဒေါက်တာဝဏ္ဏထွန်းက "မတ်ပဲ၊ ပဲတီစိမ်းသီးနှံများတွင် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ"ခေါင်းစဉ်ဖြင့်တင်ပြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများနှင့် အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည့် တိုင်းဒေသကြီး ပြည်နယ်များမှ တောင်သူများက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးကြသည်။ မေးမြန်းချက်များအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI



# စားအုန်းဆီရည်ညွှန်းဈေးနှုန်း ၃ ပတ်အတွင်း အနိမ့်ဆုံးဈေး ၆,၅၆၅ ကျပ်သို့ ကျဆင်း

**ရန်ကုန်** ကုန်ဈေးကွက်အတွက် သတ်မှတ်ထားသော စားအုန်းဆီလက်ကားရည်ညွှန်းနှုန်းမှာ လွန်ခဲ့သည့် သုံးပတ်အတွင်း တစ်ပိဿာလျှင် ၆၅၈၅ ကျပ် စံချိန်တင်ဈေးမှ အောက်တိုဘာ ၃၀ ရက်နေ့နောက်ဆုံးပတ်တွင် ၆၅၆၅ ကျပ်သို့ အနည်းငယ်ကျဆင်းခဲ့ကြောင်း စားသုံးဆီတင်သွင်း ဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ စားသုံးဆီ တင်သွင်း ဖြန့်ဖြူးမှု ကြီးကြပ်ရေးကော်မတီသည် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံရှိ FOB ဈေးနှုန်းများကို အနီးကပ်စောင့်ကြည့်နေပြီး အပတ်စဉ် စားသုံးဆီလက်ကားဈေးကွက်ရည်ညွှန်းဈေးနှုန်းကို ဆုံးဖြတ်ရန် အတွက် သယ်ယူပို့ဆောင်ရေးစရိတ်များ၊ အခွန်အခများနှင့် ဘဏ်ဝန်ဆောင်မှုများကို ထည့်သွင်း ထားသည်။

ငွေပိုကောက်ခံခြင်းကို ထိန်းချုပ်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနမှ ခေါ်ဆိုမှုစင်တာ hotline မှတစ်ဆင့် ဈေးနှုန်းပိုမို တောင်းခံသည့်တိုင်ကြားစာများကို ဩဂုတ်လနှောင်းပိုင်းတွင် စားသုံးသူများထံ အသိပေးခဲ့ပြီး ဈေးနှုန်းများသော စားအုန်းဆီများအား ဝယ်ယူမှု မပြုကြရန် တိုက်တွန်းထားပါသည်။

ဈေးကွက်အတွင်း ချုပ်ကိုင်ခြယ်လှယ်ရန် ကြိုးပမ်းသူများနှင့် ဆီသိုလှောင်ခြင်းတွင်ပါဝင် ပတ်သက်သူ မည်သူမဆို မရှိမဖြစ်အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ကော်မတီမှ အသိပေးထားပါသည်။

ဌာနအနေဖြင့် မြန်မာနိုင်ငံဆီ တင်သွင်းရောင်းချသူများအသင်း၊ စားသုံး

စာ -၃ သို့

# ၂၀၂၅ ခုနှစ် နိုဝင်ဘာ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်း မြဲထက်ပိုနိုင်ပြီးမန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင် ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယက် နှင့်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် မကွေး တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက် ပိုနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့ တို့တွင် ၅ ပေမှ ၇ ပေခန့်နှင့် ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင် သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၅ ပေခွဲမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့ နှင့် မဒေါက်မြို့ တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူ မြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်း မြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင် မြို့တွင်ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်ပေဝက်ခန့် လက်ရှိရေမှတ်အထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

စာ-၂ မှ

ဆီ တင်သွင်းသည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စားသုံးသူများအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဈေးနှုန်းပိုတောင်းခံမှုများကို စားသုံးသူရေးရာဦးစီးဌာန၏ hotline 1535 သို့ တိုင်ကြားနိုင်ပြီး သက်ဆိုင်ရာဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဌာနများ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာသို့ ပေးပို့နိုင်ပါ သည်။

ပြည်တွင်းစားအုန်းဆီစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့်ရှိပြီး ထုတ်လုပ်မှု အနေ ဖြင့် တန်ချိန်လေး သိန်းခန့်သာရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ နှစ်စဉ် စားအုန်းဆီ တန်ချိန် ၇ သိန်းခန့် တင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.gnlm.com.mm/

Agribiz News www.agribiznews.com.mm
agribiznews.com.mm

Agribiz
Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဖုံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂



# ဧရာဝတီတိုင်းဒေသကြီး၏သီးထပ်စွမ်းအားမြှင့်တင်ရေး ပြောင်းလဲသက်ရောက်နေသည့်ရာသီဥတုနှင့်သဘာဝဘေးကြောင့် စိုက်ကွင်းများသီးနှံများထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံ

နေပြည်တော်၊ နိုဝင်ဘာ ၁၂

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သည် နိုဝင်ဘာ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ လှည်းဆိပ်ကျေးရွာ တောင်သူဦးအေးသန်း ၏ ရေဆင်းပေါ်ဆန်း(၂) မျိုးစေ့ထုတ်စိုက်ခင်းနှင့် ဖျော့ထွန်းမျိုးစေ့ထုတ် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး မြသီးနှံ မျိုးစပါးသန့်စင်စက်ရုံတွင် ဒေသခံ တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ စိုက်ပျိုးမြေ၏ မြေဆီအခြေအနေနှင့် စိုက်ပျိုးမည့်သီးနှံ၏ အပင်အာဟာရလိုအပ်မှုပေါ်မူတည်၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီ သုံးစွဲကြရန်လိုကြောင်း၊ သီးနှံ အထွက်နှုန်းကောင်းမွန်ရေးနှင့်အတူ ဈေးကွက်က လက်ခံသည့် သီးနှံအရည်အသွေး စံချိန် စံညွှန်းကိုက်ညီမှသာ ဈေးကွက်ဝင် ဈေးကောင်းရနိုင်မည်ကို သတိပြုကြရမည်ကြောင်း၊ သွင်းအားစုစရိတ်လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း ၏ ထုတ်လုပ်မှု တိုးတက်ရေး အတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ စနစ်တကျလိုက်နာအသုံးပြု ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြား သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်း သင်တန်းကျောင်း (ဖျာပုံ) စည်းဝေး ခန်းမတွင် ငါးဖမ်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းရန်၊ တရားမဝင် ငါးဖမ်းဆီးမှုများနှင့် ဥပဒေများနှင့် စည်းမျဉ်းစည်း ကမ်းများကို ချိုးဖောက်ခြင်းများကို စိစစ်ပြီး သက်ဆိုင်ရာသို့ တိတိကျကျ ဆောင်ရွက်ကြရန်၊ တရားမဝင် ဖမ်းဆီးခြင်းနှင့် သဘာဝဂေဟစနစ်ကို ထိခိုက်စေမည့် ငါးဖမ်းနည်းများ အသုံးမပြုကြရန်၊ မြန်မာ့ရေသယံဇာတများ ပျက်သုဉ်းခြင်းမှ ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ ဆွေး နွေး တ င် ပြ ချ က် များ အ ပေါ် လို အ ပ် သ ည် များ ညှိ နှိုင်း ပေါ င်း စ ပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဖျာပုံခရိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းဝေးခန်းမတွင် ခရိုင်အဆင့်တာဝန်ခံများ၊ စိုက်ကွင်းတာဝန်ခံများနှင့် တွေ့ဆုံပြီး စားနပ်ရိက္ခာဖူလုံမှုအတွက် အဓိကအားထားရသည့် ဒေသတစ်ခုဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၏ သီး ထ ပ် စွ မ်း အား မြှ င့် တ င် ရေး ၊ ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတု နှင့် သဘာဝဘေးကြောင့် စိုက်ကွင်းများ သီးနှံများထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေ ရေး ကြိုတင်


စာ-၅ သို့

# မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**အီ**ဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့၊ လယ်ယာစိုက်ပျိုးရေးနှင့်မြေယာပြုပြင်ပြောင်းလဲရေး ဝန်ကြီးဌာနတွင် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာက ဏ္ဍ ပူး ပေါ င်း ဆော င် ရွ က် ရေး နားလည်မှုစာချွန်လွှာကို အောက်တိုဘာ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို အီဂျစ်လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mostafa EL Sayad မစ္စတာ မိုစတာဖာ အယ်လ်ဆာယက်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့က အီဂျစ်စိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီး Mr Alaa Farouk မစ္စတာ အလာဖာရော့နှင့် အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ရှိန်တို့ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခြင်းသည် မြန်မာ-အီဂျစ် ဆက်ဆံရေးအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ၁၉၉၄ ခုနှစ်တွင် မြန်မာနှင့် အီဂျစ်တို့ ပထမဆုံး လက်မှတ်ရေးထိုးခဲ့သော စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) ၏ ဒုတိယမြောက် လက်မှတ်ရေးထိုးမှုဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာသည် စိုက်ပျိုးရေးနည်းပညာ ဖလှယ်ရေး၊ စွမ်းရည်မြှင့်တင်ရေး၊ သုတေသန ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်မည်ဖြစ်သည်။ ထို့အပြင်



လယ်ယာထွက်ကုန်များ ကုန်သွယ်မှုကို မြှင့်တင်ကာ နှစ်နိုင်ငံအကြား ရေရှည်လက်တွဲဆောင်ရွက်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး ဦးစီးဌာနနှင့် အီဂျစ်နိုင်ငံ စိုက်ပျိုးရေး ဗဟိုသုတေသနဌာနတို့ ပူးပေါင်း၍ ချည်မျှင် အလွန်ရှည်ဝါ၊ အာလူးအပါအဝင် အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုး ထုတ်လုပ်ရေးအတွက် သင်တန်းသားများ စေလွှတ်ရေး၊ စိုက်ပျိုးရေး ပညာရှင်များ အပြန်အလှန် စေလွှတ်ရေး၊ EICA သင်တန်းများ တ က် ရော က် နို င် ရေး တို့ ကို လ ည်း ဆ က် လ က် ဆော င် ရွ က် ပေး သွား မည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများစသည့် စိုက်ပျိုးရေး သွင်းအားစုများ တင်ပို့နိုင်ရန်နှင့် မြန်မာနိုင်ငံမှ အီဂျစ်သို့ ပဲမျိုးစုံ၊ ဆန်နှင့် ပင်လယ်စာများအပါအဝင် အခြားထုတ်ကုန်များ တင်ပို့ရန် ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

**DOA**

# နွေစပါးစိုက်ပျိုးရာသီကာလ ရေချို ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းနိုင်ရေး၊ ဒီရေတက်ချိန် ရေငန်ဝင်ရောက်မှု ကာကွယ်နိုင်ရေးစီမံဆောင်ရွက်

နေပြည်တော်၊ နိုဝင်ဘာ ၁၁

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် နိုဝင်ဘာ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ ဖျာပုံမြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရာသီကာလတွင် ရေချို ဆုံးရှုံးမှု မရှိစေရေးနှင့် မိုးရာသီကာလ ဒီရေတက်ချိန်တွင် ရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ရေးဆိုင်ရာလုပ်ငန်းရပ်များကို ဆွေးနွေး မှာကြားခဲ့ကြောင်းသိရသည်။

တွေ့ဆုံရာတွင် တာဝန်ရှိသူများက ဖျာပုံမြို့နယ်ရှိ ကြက်ဖမွေးဖောင်း ကျွန်းပတ်တာအတွင်း ဆားငန်ရေဝင်ရောက်သည့် ဧရိယာများ ရေချိုရရှိနိုင်မှု အခြေအနေ၊ နှစ်စဉ် ဧက ၆၀၀၀ ခန့် အများဆုံး စိုက်ပျိုးနိုင်ရာမှ ယခုလာမည့်နှစ်အတွင်း ဧက ၁၉၀၀၀ ခန့် အထိ တိုးတက်စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ထားရှိမှု၊ စက်မှုလယ်ယာစနစ်ကျ လယ်ယာ မြေ ဧက ၄၀ ဖော်ထုတ်ပြီးစီးခဲ့မှုနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်း နွေသီးထပ်တိုးတက် စိုက်ပျိုးနိုင်ရေး ခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ကျွန်းပတ်တာလုပ်ငန်း များ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ် ဒီဇိုင်းပုံစံများအတိုင်း စနစ်တကျ ဆောင်ရွက်ရန်၊ နွေသီးထပ်ကို ရာသီအမီလျာထားဧကပြည့် စိုက်ပျိုးပြီးစီးနိုင်ရေး ဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ်၊ သပြေကန်-သိမ်ကုန်း ဧရိယာ အေးသာယာ ကျေးရွာ အုပ်စုအတွင်း တူးဖော်ဆောင်ရွက်မည့် အေးသာယာ (၂)မြောင်း နေရာအား ကြည့်ရှုစစ်ဆေးပြီး ရေချိုဝင်ရောက်သည့် ရေအမြင့်(RL)၊ တူးဖော်ရန်လိုအပ်သည့် မြောင်းကြမ်းပြင် အနက် (RL) တို့ကို ချိတ်ဆက်မိစေရန်၊ သတ်မှတ်ရေစီးနှုန်းပမာဏ ရရှိစေရေးအလေးထား ဆောင်ရွက်ရန်၊



ရေချိုပိုမိုရရှိလာနိုင်မှုအရ သီးနှံစိုက်ဧရိယာတိုးတက်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားသည်။

အလျားပေ ၈၅၀၀ ရှိ အေးသာယာ (၂)မြောင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သီးထပ်ဧက ၁၅၀ ကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သပြေကန် - သိမ် ကုန်း ဧရိယာ အတွင်း မြောင်း ၁၁ မြောင်း တူးဖော်ဆောင်ရွက်ခြင်းဖြင့် နွေသီးထပ် ဧက ၂၃၀၀ ကျော် တိုးတက် စိုက်ပျိုးလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကြက်ဖမွေးဖောင်းကျွန်းပတ်တာသို့ ရေချိုပေးဝေလျက်ရှိသည့် နောင်တော်ကြီး-သိန္နီမြောင်းပေါ်တွင် တည်ဆောက်ထားသော သကံရေတံခါး ပြုပြင် ဆောင်ရွက်နေမှု (၆ ပေ x ၆ ပေ) ရေတံခါး ၆ ချပ်အား ပြန်လည်ပြုပြင်မည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

သကံရေတံခါး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကြက်ဖမွေးဖောင်း ကျွန်းပတ်တာနှင့် သပြေကန်-သိမ်ကုန်းဧရိယာအတွင်းသို့ နွေစပါး စိုက်ပျိုးရာသီ ကာလတွင် ရေချို ဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး မိုးရာသီကာလ ဒီရေတက်သည့်အချိန် ပြင်ပရေ ဝင်ရောက်မှုမှ ကာကွယ်နိုင်သဖြင့် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေမည် ဖြစ်သည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ်၊ နောင်တော်ကြီးကျေးရွာအနီး နောင်တော်ကြီး ဆိုလာရေတင်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး သည် မအူပင်မြို့နယ် မင်းဘောကျေးရွာအနီး မင်းဘော ဆိုလာရေတင်ဆောင်ရွက်ထားရှိမှုနှင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ရန် လျာထားနေရာအား လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုအခြေအနေများ၊ တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှု စစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာဌာနများ ဝိုင်းဝန်းကြိုပမ်း ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ MOALI

စီမံကိန်း ဆောင်ရွက်မည့် နေရာအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ တပ်ဆင်မည့်စက်ပစ္စည်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစေရေး၊ ယခုစီမံကိန်း အောင်မြင်မှု အပေါ် အခြေခံပြီး ဆိုလာစနစ်ဖြင့် ရေတင်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ အထွက်နှုန်း တိုးတက်ရရှိရေးနှင့် မျိုးစပါးဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စာ-၄ မှ

စီမံဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများ တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရေး ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ MOALI

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။

# ဂျပန်နိုင်ငံတွင် အသစ်ရိတ်သိမ်းထားသည့် ဆန်ဈေးနှုန်းများ စံချိန်တင် မြင့်တက်လျက်ရှိ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၌ ဂျပန်နိုင်ငံတွင် အသစ်ရိတ်သိမ်းထားသည့် ဆန်ဈေးနှုန်းများ မှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဂျပန် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၂၂-၁၀-၂၀၂၅ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် "Trading price for newly harvested rice reaches record high" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ၌ ဆန်လုံးညို ၆၀ ကီလိုဂရမ်၏ ဈေးနှုန်းမှာ အခွန်အပါအဝင် ၃၆,၈၉၅ ယန်း (အမေရိကန်ဒေါ်လာ ၂၄၃ ဒေါ်လာ) ရှိခဲ့ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄,၁၉၅ ယန်း မြင့်တက်ခဲ့ကြောင်း၊ ဂျပန် စိုက်ပျိုးရေးသမဝါယမနှင့် အခြားသော ဆန်စပါးဝယ်ယူ စုဆောင်းသူများအနေ ဖြင့် လက်ကားဖြန့်ဖြူးသူများထံ ပြန်လည်ရောင်းချသည့် ပျမ်းမျှဈေးနှုန်းကို ဆန်စပါးပေါက်ဈေးဟု သတ်မှတ်ကြပြီး၊ ရိတ်သိမ်းပြီး ဆန်စပါးများ ဈေးကွက်အတွင်း ရောက်ရှိသည့် စက်တင်ဘာမှ စတင်၍ လစဉ်ဈေးကွက်ပေါက်ဈေး အသစ် သတ်မှတ်လေ့ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ မေတွင် ရိတ်သိမ်းခဲ့သည့် ဆန်စပါးဈေးနှုန်းများမှာ ၆၀ ကီလိုဂရမ်လျှင် ယန်း ၂၇,၆၄၉ ရှိခဲ့ပြီး၊ အမြင့်ဆုံး ဖြစ်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာတွင် အဆိုပါ ဈေးနှုန်းထက် ယန်း ၉,၂၄၆ (သို့မဟုတ်) ၃၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင်ရောင်းချခဲ့သည့် ဆန်ပမာဏမှာ တန်ချိန် ၁၆၀,၀၀၀ ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ် ပါက ၉၃,၀၀၀ တန် (သို့မဟုတ်) ၃၆ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဖော်ပြထားပါသည်။



၂၀၂၄ ခုနှစ်၊ နွေရာသီတွင် ဂျပန်နိုင်ငံ၌ ဆန်ပြတ်လပ်မှုများ ဖြစ်ပွားခဲ့ပြီး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ယခုအခါ ပုဂ္ဂလိကဆန်ဝယ်ယူသူများအနေဖြင့် လယ်သမားများထံမှ ဆန် အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသဖြင့် ဂျပန်နိုင်ငံ၏ ဆန်ဈေး နှုန်း မှာ မြင့် တက် လျက် ရှိကြောင်း၊ ထိုသို့ မြင့်တက်ခဲ့မှုကြောင့် ဂျပန်စိုက်ပျိုးရေးသမဝါယမအနေဖြင့်လည်း ဈေးကွက်ပေါက်ဈေးကို တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဈေးကွက်ပေါက်ဈေးမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင် နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ဆန်အများအပြား စိုက်ပျိုးထုတ်လုပ်မှုကြောင့် ဆန် ဈေးနှုန်းများ ကျဆင်းလာမည်ကိုလည်း ဆန်စိုက်ပျိုးသူများအနေဖြင့် စိုးရိမ်လျက်ရှိကြကြောင်း၊ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်စပါးတန်ချိန် ၇ ဒသမ ၁၅ သန်း ထွက်ရှိနိုင်ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တန် ချိန် ၆၃၄,၀၀၀ များပြားနိုင်ကြောင်း ဂျပန် စိုက်ပျိုး ရေးဝန်ကြီးဌာန က ခန့်မှန်းထားကြောင်း ဖော်ပြ ထားပါသည်။

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ရာသီဥတု ပူပြင်းခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်၊ ဆန်စပါးရိတ် သိမ်းချိန်တွင် ဆန်အထွက်နှုန်း ကျဆင်းခဲ့သည်။ ထိုသို့ ဆန်အထွက်နှုန်း ကျဆင်းချိန်တွင် ဂျပန် နိုင်ငံ၌ ယန်းငွေတန်ဖိုး အလွန်အမင်းကျဆင်းခဲ့မှုကြောင့် နိုင်ငံခြားသားခရီးသွားများ အများအပြား လာရောက်ခဲ့သည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်ခဲ့ကာ ရောင်းလိုအားဝယ်လိုအား မမျှတမှု ဖြစ် ပေါ်ခဲ့ပြီး ဆန်တန်ချိန် ၄ သိန်း ပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် စားသောက်ဆိုင်လုပ်ငန်းကြီးများနှင့် ဆန်နှင့်ဆက်စပ်သည့် ထုတ်ကုန်များ ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန် များ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ကြိုတင်စာချုပ်များ ချုပ်ဆိုကာ လယ်သမားများထံမှ ဆန် အပြိုင်အဆိုင် ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ ဆက် လက်မြင့်တက်လျက်ရှိကြောင်း သုံးသပ်ရပါသည်။

သူဇာဖြိုး

# ထိုင်း Khao Banthat ဒူးရင်းသီး အမျိုးသား GI ဝင်ငွေရရှိသည့် ထိပ်တန်းနေရာတွင် ရပ်တည်လျက်ရှိ

**Khao** Banthat Mon Thong ဒူးရင်းသီးသည် ထိုင်းနိုင်ငံ၏ အမြင့်ဆုံးဝင်ငွေ ရရှိသည့် Geographical Indication (GI) product ဖြစ်လာပြီး ၂၀၂၅ ခုနှစ်၏ ပထမ ၉ လ အတွင်း ဝင်ငွေအားဖြင့် ထိုင်းဘတ်ငွေ ၁၁ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၈ သန်းခန့်) ရရှိခဲ့သည်ဖြစ်ရာ ထိုင်းနိုင်ငံ၏ ထိပ်တန်းတင်ပို့သည့် စိုက်ပျိုးရေးထွက်ကုန် အနေဖြင့်ရပ် တည်လျက်ရှိသည်။



ထိုင်းနိုင်ငံ GI ထွက်ကုန်များသည် ၎င်း၏ အရည်အသွေးနှင့် သိသာထင်ရှားသော ဒေသဆိုင်ရာ လက္ခဏာရပ်များကြောင့် အောင်မြင်မှုများ ရရှိခဲ့ပြီး ပြည်တွင်းပြည်ပတွင် ဝယ်လိုအားများ မြင့်တက်လျက်ရှိကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ဦးစီးဌာန (Department of Intellectual Property) ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Auramon Supthaweethum က ပြောကြားခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ စက်တင်ဘာအတွင်း စိုက်ပျိုးရေးနှင့် အစားအသောက် ထွက်ကုန် များသည် ထိုင်းနိုင်ငံ၏ GI ဝင်ငွေရရှိ သည့် ထိပ်တန်းထွက်ကုန် ၁၀ မျိုးတွင် ပါဝင်ပြီးနိုင်ငံ၏ အမျိုးသားစီးပွားရေးအား ထိုင်းဘတ် ငွေ ၄၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံခန့်) ပံ့ပိုးပေးနိုင်ခဲ့သည်။

ဒူးရင်းထွက်ကုန်သည် ထိုင်းနိုင်ငံ၏ ထိပ်တန်း ၃ နေရာတွင် ရပ်တည်လျက်ရှိသည်။ Trat ပြည်နယ်မှ ထွက်ရှိသော Khao Banthat Mon Thong ဒူးရင်းသီးသည် ထိုင်းဘတ်ငွေ ၁၁ ဒသမ ၀၄၇ ဘီလီယံဖြင့် ထိပ်တန်း ဦးဆောင်နေပြီး ၎င်း၏ ချိုမြိန်ပြီး ခရင်မ်အရသာနှင့် အဝါဖျော့ဖျော့အသား ကြောင့် လူသိများလျက်ရှိသည်။ အဆိုပါဒူးရင်းမျိုးကို Khao Banthat တောင်တန်းတွင် စိုက်ပျိုးကြပြီး အဆိုပါတောင်တန်းပေါ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပန်းစောစော ပွင့်ပြီး ဒူးရင်းသီးများကို စောစောခူးဆွတ်နိုင်ပါသည်။ Yala မြို့မှ ထွက်ရှိသော Saded Nam ဒူးရင်းသီးသည် ထိုင်းဘတ်ငွေ ၆ ဒသမ ၆၆၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၀ သန်း) ဖြင့် ဒုတိယနေရာတွင် ဦးဆောင်နေပြီး ၎င်းဒူးရင်းမျိုးသည် ခြောက်သွေ့သော အသားရှိပြီး အမျှင်ဓာတ်အနည်းငယ် ပါဝင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၀၀ တွင် စိုက်ပျိုးကြပါသည်။ Rayong မြို့မှ ထွက်ရှိသော Mon Thong

စာ-၇ သို့

# စားတော်ပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့် အိန္ဒိယရပ်ဆိုင်း

စိုက်ပျိုးသူများ ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းများ သိသိသာသာကျဆင်း ရခြင်း၏ အ မိ က အ ကြော င်း ရ င်း အ ဖြ စ် သတ်မှတ်ခံထားရသော စားတော်ပဲအား အကောက်ခွန်ကင်း လွတ်ခွင့်ဖြင့် တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ အဆိုပါ လုပ်ဆောင်ချက်သည် ခါရစ် (မိုးရာသီ) သီးနှံများ ဈေးကွက်သို့ ရော က် ရှိ လာ မှု အ မြ င့် ဆုံး အနေအထားသို့ ရောက်ရှိနေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း The Hindu Businessline သတင်းဌာနကအောက်တိုဘာ ၂၉ရက်နေ့က ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့ (အောက်တိုဘာ ၂၉ ရက်နေ့) ညနေပိုင်းက ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတစ်ရပ်တွင် ယခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှစ၍ စားတော်ပဲ တင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း တင်သွင်းခွန်နှင့် ၂၀ ရာခိုင်နှုန်း စိုက်ပျိုးရေးအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး အခွန် (AIDC) တို့ကို ကောက်ခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ ပြည်ပမှ စားတော်ပဲတင်သွင်းမှုများကို အခွန်ကင်းလွတ်ပြုလုပ်ပြီး ၇ လအတွင်း ယခု ကဲ့သို့ အကောက်ခွန်ပြန်လည်ကောက်ခံရန် လုပ်ဆောင်ချက်သည် Telangana၊ Odisha၊ Mahara- shtr နှင့် Madhya Pradesh ပြည်နယ်များရှိ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၎င်းတို့၏ သက်ဆိုင် ရာ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းများ (MSPs) ဖြင့် ဝယ်ယူရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်းဖြစ် သည်။ ပဲပုပ်များ အပါအဝင် အဆိုပါ ဝယ်ယူမှုသည် ခန့်မှန်းခြေအားဖြင့် အစိုးရ၏ အသုံးစရိတ် ရူပီး ၁၅,၀၉၅ ဒသမ ၈၃ ကုဋေကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

စားတော်ပဲတင်သွင်းခွန်ကို ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ချက်သည် အိန္ဒိယစိုက်ပျိုးသူများအား ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်သည်။ လက်ရှိတွင် ၎င်းတို့သည် အစိုးရက သတ်မှတ်ထားသော အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းများ (MSPs) ထက် လျော့နည်းသောနှုန်းထားများကိုသာ ရရှိနေခြင်းကြောင့်ဖြစ်သည်။ ပဲစင်းငုံဈေးနှုန်းများသည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇,၅၅၀ MSP သတ်မှတ်ထားသော်လည်း ရူပီး ၇,၀၀၀ အောက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မတ်ပဲဈေးနှုန်းမှာ ရူပီး ၇,၄၀၀ MSP သတ်မှတ်ထားသော်လည်း ရူပီး ၆,၁၅၀ တွင် ရှိနေကြောင်း သိရသည်။ ပဲတီစိမ်းဈေးနှုန်းမှာမူ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈,၆၈၂ MSP သတ်မှတ်ထားသော်လည်း ရူပီး ၆,၅၅၇ ဖြင့် ဈေးခေါ်နေကြောင်း သိရသည်။

ထို့အပြင် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတေးလျနှင့် ရုရှားနိုင်ငံတို့ကဲ့သို့သော နိုင်ငံများတွင် သီးနှံအထွက်နှုန်း ကောင်းမွန်မှုကြောင့် ကမ္ဘာ့ဈေးကွက်ရှိ ပဲမျိုးစုံ



ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ အာဖရိကနိုင်ငံများတွင်လည်း ပဲစင်းငုံ (Tur) အထွက်နှုန်း ကောင်းမွန်ခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံအဖွဲ့ချုပ် (Global Pulses Confederation) မှ အချက်အလက်များအရ ပဲမျိုးစုံ၏ ဈေးနှုန်းများသည် လွန်ခဲ့သော ၃ လ အတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ ကျ ဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ပဲနီလေး (Green Lentils) ဈေးနှုန်းများသည် ဩဂုတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၆၅-၇၈၅ ရှိခဲ့သော်လည်း လက်ရှိတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၀-၆၄၀ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

အာဖရိကမှ ပဲစင်းငုံ ဈေးနှုန်းများသည် ဩဂုတ်တွင် အမေရိကန်ဒေါ်လာ ၆၀၀ ကျော်မှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ အထိ သိသိသာသာ ကျဆင်းခဲ့သည်။ အလားတူပင် ကုလားပဲဈေးနှုန်းများသည် ဩဂုတ်တွင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင်မှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ အောက်သို့ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံက စားတော်ပဲအား အကောက်ခွန်လွတ် တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ပြီး စုစုပေါင်းအခွန် ၃၀ ရာခိုင်နှုန်းအထိ ပြ န် လ ည် ကော က် ခံ လို က် ခြ င်း ကြောင့် မြန်မာနိုင်ငံမှ စားတော်ပဲတင်ပို့သူများအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းမည်ဖြစ်ပြီး အိန္ဒိယဈေးကွက်သို့ တင်ပို့မှုပမာဏ လျော့ကျသွားနိုင်ကြောင်း တွေ့ရှိရပါသည်။ သို့သော် အိန္ဒိယအစိုးရက ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့အား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSPs) ဖြင့် ဝယ်ယူပံ့ပိုးနေခြင်းသည် မြန်မာနိုင်ငံအတွက် အဆိုပါ ပဲအမျိုးအစားများ တင်ပို့မှုတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့် အခွင့်အလမ်း ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, India ends duty-free yellow peas imports, October 29, 2025.

စာ-၆ မှ

ဒူးရင်းသီးသည် ထိုင်းဘတ်ငွေ ၄ ဒသမ ၈၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃၂ သန်း) ဖြင့် တတိယနေရာတွင် ရပ်တည်လျက် ရှိပြီး ၎င်းဒူးရင်းမျိုးသည် အခွံပါးပြီး မွှေးကြိုင်သောအသားကြောင့် ထင်ရှားသည်။

အဆိုပါ ဒူးရင်းမျိုး ၃ မျိုးလုံးကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ကြပြီး တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒူးရင်းအတွက် အကြီးမားဆုံးဈေးကွက်အဖြစ် ရပ်တည်လျက်ရှိသည်။

Auramon သည် GI ထွက်ကုန်များ၏ စွမ်းဆောင်ရည်ကို ၎င်းထွက်ကုန်များ၏ အရည်အသွေးကာကွယ်မှု၊ ဈေးကွက်လက်လှမ်းမီမှုနှင့် တန်ဖိုးမြှင့်ဖန်တီးမှုတို့ကို အခြေခံ၍ ပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာကို ချမှတ်ခဲ့ပါသည်။ GI အ သိ အ မှ တ် ပြု လ က် မှ တ် သ ည် ခြေရာခံနိုင်စွမ်း ရှိပြီး အရည်အသွေးထိန်းချုပ်မှု သေချာမှုရှိသည့်အတွက် မှတ်ပုံတင်ထားသော ကုန်ပစ္စည်းများအ တွက် ဈေးနှုန်းမှာ ၂ ဆ မှ ၅ ဆအထိ မြင့်တက်စေပါသည်။ GI ထွက်ကုန်များကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်၊ မလေးရှားနှင့် ဂျပန် နိုင်ငံကဲ့သို့သော ဝင်ငွေမြင့်မားသော ဈေးကွက်များကို ဦးတည်၍ ဝင်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ထုတ်ပိုးမှုများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်စားသောက်ဆိုင်များနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍများတွင် ထွက်ကုန်များကို ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဦးစီးဌာနသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ "Quick Big Win" မူဝါဒအရ GI မှတ်ပုံတင်ခြင်းနှင့် မြှင့်တင်ခြင်းလုပ်ငန်း စဉ်များကို အဆင့်မြှင့်တင်ရန် ဆက်လက်ဆောက်ရွက်လျက်ရှိပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဦးစီးဌာနသည် ဒေသခံစီးပွားရေးလုပ်ငန်းများကို အားကောင်းစေပြီး တောင်သူလယ်သမားများနှင့် အသေးစားထုတ်လုပ်သူများကို ပံ့ပိုးပေးနိုင်မည့် GI အမှတ်အသားကို အမျိုးသားအဆင့် အရည် အသွေး၏ သင်္ကေတတစ်ခုအဖြစ် ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.freshplaza.com/asia/article/9779231/thailand-s-khao-banthat-durian-tops-national-gi-earnings/

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

မြန်မာ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များလေ့လာခြင်း - အပိုင်း ၁

# မြန်မာ့မွေးမြူကဏ္ဍာ ထုတ်လုပ်နိုင်စွမ်းမြှင့်တင်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်တည်ဆောက်ရန် အချိန်ရောက်ပြီ

ရဲထွန်းဝင်း



(ယခင်အပတ်မှအဆက်)

**နယ်စပ်ဖြတ်ကျော်ရောဂါများ (ခွာနာလျှာနာ-FMD၊ အရေပြားအကြိတ်နာ-LSD၊ ကြက်ငှက်တုပ်ကွေး-AI၊ အာဖရိကဝက်အပြင်းဖျား -ASF) ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း**

ထိုင်းနိုင်ငံအတွင်း ကျယ်ပြန့်စွာစူးစမ်းထောက်လှမ်းခြင်း၊ စနစ်တကျ အစီရင်ခံခြင်းနှင့် ကာကွယ်မှု အစီအမံများ အားကောင်းစွာ ဆောင်ရွက်နိုင်ပါသည်။ မြန်မာ နိုင်ငံတွင် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ အစီရင်ခံခြင်း၊ ကာကွယ်မှုအစီအမံများ ဆောင်ရွက်သော်လည်း ပူးပေါင်းဆောင်ရွက်မှုနှင့် ကျယ် ပြန့်စွာ ဆောင်ရွက်နိုင်မှု အားနည်းပါသည်။

မြန်မာနိုင်ငံတွင်ရောဂါထောက်လှမ်းခြင်းနှင့် ဖြစ်ပွားမှုအပေါ် လျှင်မြန်စွာတုန့်ပြန် ဆောင်ရွက်ခြင်း - နယ်စပ် ဖြတ်ကျော် ရောဂါကာကွယ် ထိန်းချုပ်ခြင်း တိုးတက်ကောင်းမွန်ရန်၊ တိရစ္ဆာန်အချက်အလက် မှတ်တမ်းအတွက် မွေးမြူထုတ်လုပ်မှုမှတ်တမ်းစုစည်းရာ "ဗဟိုဌာန" national livestock database center ထူထောင်ရန် လိုအပ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ဈေးကွက် ဝင်ရောက်နိုင်မှု

### ပို့ကုန် ခွင့်ပြုချက်

ထိုင်းနိုင်ငံတွင် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန-DLD မှ ကျန်းမာရေးခွင့်ပြုချက်၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်း/တင်ပို့ခြင်း၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန-LBVD မှ ကျန်းမာရေး ခွင့်ပြုချက် ထုတ်ပေးပါသည်။ ပြည်ပတင်ပို့ နိုင်မှု အနည်း ငယ်သာရှိပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ သတ်မှတ်ချက်နှင့်အညီ ပြည်ပတင်ပို့သည့်လုပ်ငန်းစဉ် software စနစ်ကို လက်တွေ့ကျကျ လျှင်မြန်-မှန်ကန်-ထိရောက်စွာ အသုံးပြုရန်လိုအပ်ပါသည်။

### ဈေးကွက်ယှဉ်ပြိုင်မှု

ထိုင်းနိုင်ငံတွင် ခိုင်မာသော မွေးမြူရေးထုတ်လုပ်ရေး အခြေခံတည်ဆောက်မှုများ ရှိပါသည်။ ခြေရာခံစနစ်ကိုလည်းထိရောက်စွာဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးများ အများစုဖြစ်သဖြင့် ထုတ်လုပ်မှုအားနည်းပါသည်။ ပြည်ပတင်ပို့ခြင်းအတွက် ကန့်သတ်ချက်များ ရှိပါသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား - ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နိုင်ရန်၊ ခြေရာခံစနစ်နှင့်သယ်ယူပို့ဆောင်မှုဆိုင်ရာ အခြေခံလိုအပ်ချက်များ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါသည်။

### အဖွဲ့အစည်းနှင့်မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း

ထိုင်းနိုင်ငံတွင် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန-DLD မှ ဆောင်ရွက်ပါသည်။ DLD သည် လူအရင်းအမြစ်နှင့်နည်းပညာပြည့်စုံပြီး၊ တိကျသောလုပ်ငန်း သတ်မှတ်ချက်များဖြင့် ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန-LBVD မှ ဆောင်ရွက်ပါသည်။ LBVD သည် လူအရင်းအမြစ်နှင့် နည်းပညာ ဖြည့်တင်း ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအား ဝန်ထမ်းအင်အား၊ နည်းပညာနှင့် အုပ်ချုပ်မှုဆိုင်ရာသင်တန်း၊ ဘဏ္ဍာငွေ၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းစစ်ဆေးခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

### မူဝါဒဆိုင်ရာလုပ်ငန်းစဉ်

ထိုင်းနိုင်ငံသည် နှစ်များစွာ ပြိုင်ဆိုင်ခြင်း မူဝါဒ (multi-year strategies for competitiveness) ချမှတ် ဆောင်ရွက် ခဲ့ပါသည်။ မြန်မာနိုင်ငံသည် မိမိဒေသအခြေခံ မူဝါဒချမှတ်ခြင်း ၊ သတ်မှတ်လုပ်ငန်းစဉ် အတွင်း ဆောင်ရွက် ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်ရေရှည်မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဖော်ဆောင်ရာတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့် ပေါင်းစပ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## မှတ်တမ်းအချက်အလက် စနစ် နှင့် စ-လယ်-ဆုံး စီစစ်သုံးသပ်နိုင်မှု

### တိရစ္ဆာန် မှတ်ပုံတင်စနစ်

တိရစ္ဆာန်များအမှတ်အသားတပ်ဆင်ခြင်း (နားရွက်အမှတ်အသားတပ်ဆင်ခြင်း) လုပ်ငန်းကို အောင်မြင် အောင် ဆောင်ရွက်ပြီး မှတ်တမ်းများ စီစစ်သုံးသပ်သော လုပ်ငန်းစဉ် ဆောင်ရွက်ရပါမည်။

မှတ်ပုံတင်တိရစ္ဆာန်များ၏ အချက်အလက်များကို စုစည်းသိမ်းဆည်းသည့် မွေးမြူ ထုတ်လုပ်မှုမှတ်တမ်း စုစည်းရာ "ဗဟိုဌာန" ဖွဲ့စည်းသတ်မှတ် ဆောင်ရွက်ရပါမည်။

တိရစ္ဆာန်ဆိုင်ရာ အချက်အလက်များအား ကွန်ပျူတာဖြင့် မှတ်တမ်းတင်သောစနစ် ဆောင်ရွက်ရပါမည်။

### မွေးမြူရေးခြံ မြေပုံညွှန်း

မွေးမြူရေးခြံ တည်နေရာနှင့်နယ်နမိတ်များကို သက်ဆိုင်ရာ ကွန်ပျူတာစနစ်ဖြင့် မြေအနေအထား လေ့လာ ခြင်း- GIS စနစ် အတွင်း ထည့်သွင်းလေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။

မွေးမြူရေးခြံတည်ရှိမှု၊ တိရစ္ဆာန်ရွှေ့လျားသွားလာနှင့်ရောဂါပျံ့နှံ့မှု လေ့လာဆန်းစစ်ခြင်း အချက်အလက်များအပေါ် အခြေခံသောခြေရာခံစနစ်ကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။

### တိရစ္ဆာန်ရွှေ့လျားမှုလမ်းကြောင်း

တိရစ္ဆာန်များလှုပ်ရှား သွားလာမှု ကို အသံလှိုင်းတို/ရှည်စနစ် နှင့် ပုံရိပ်ဖမ်း စနစ်ဖြင့် လက်ရှိရောက်ရှိ တည်ရှိမှုကိုစိစစ်နိုင်မည်ဖြစ်ပါသည်။

မှတ်တမ်းတင်မှုနှင့် တိရစ္ဆာန်တည်ရှိမှု အပေါ်အခြေခံ၍ ဈေးကွက်၊ ထုတ်ကုန်ထုတ်လုပ်မှု အခြေအနေ စိစစ်ပြီး အချက်အလက်များပေါင်းစပ်စုစည်းခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စာ-၉ သို့

စာ-၈ မှ

တိရစ္ဆာန်များရွေ့လျားသောလမ်းကြောင်း- ကုန်ကြမ်းမှ ကုန်ချော/စားသုံးသူ၊ မွေးမြူရေးခြံမှ စားသုံးရာနေရာ ရောက်ရှိသည်အထိ ခြေရာခံ စိစစ်နိုင်မည်ဖြစ်ပါသည်။

**အကျိုးကျေးဇူးများ**

ရောဂါဖြစ်ပွားပါက လျင်မြန်စွာစိစစ်ဖော်ထုတ်ခြင်း၊ ရောဂါဖြစ်ပွားတိရစ္ဆာန်များ တည်ရှိ/သွားလာနေမှု ကန့်သတ်ခြင်း၊ ရောဂါထိန်းချုပ်ခြင်းဖြင့် ရောဂါဖြစ်ပွားချိန်စီမံကွပ်ကဲမှုကို လျင်မြန်စွာဆောင်ရွက်နိုင်မည်။

ကုန်ကြမ်းမှ ကုန်ချောနှင့် စားသုံးသူ လမ်းကြောင်းတစ်လျောက် အစားအစာဘေးကင်းမှု ကို စနစ်တကျ စိစစ်နိုင်မည် ဖြစ်ပါသည်။

သတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက်များအပေါ် မွေးမြူရေးသမားများချင့်ချိန်စဉ်းစားနိုင်ခြင်း၊ ကုန်ကြမ်း မှ ကုန်ချော/စားသုံးသူသွားရာလမ်းကြောင်းဝန်ဆောင်မှုများအပေါ် ကုန်ကျမှု (အချိန်/ငွေ) အပေါ်စိစစ် နိုင်ခြင်းဖြင့် စီးပွားရေးအကျိုးသက်ရောက်မှု အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ပါမည်။

စားသုံးသူလိုအပ်ချက်ပေါ်အခြေခံပြီး ထုတ်လုပ်မှုဆောင်ရွက်ကာ ပြည်ပဈေးကွက်များ ကုန်သွယ်နိုင်ရေး ကြိုးပမ်းနိုင်မည် ဖြစ်သဖြင့် ဈေးကွက်ရရှိမှုကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

မွေးမြူထုတ်လုပ်မှု ကဏ္ဍအပေါ် လေ့လာသုံးသပ်နိုင်ခြင်း၊ ဆုံးဖြတ်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာ လုပ်ငန်းစဉ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ဆောင်ရွက်ရန် လိုအပ်ချက် (အကျဉ်းချုပ်)**



တိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရေးရေးမှုဝါဒဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပညာပေးခြင်း၊ ဆောင်ရွက်နိုင်ရန် လေ့ကျင့်ခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်ရန် လိုအပ်ပါ သည်။

တိရစ္ဆာန်ဆေးဝါးနှင့် တိရစ္ဆာန်အစာ ဆိုင်ရာညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေး အတွက် ပညာပေးခြင်း၊ ဆောင်ရွက်နိုင်ရန် လေ့ကျင့်ခြင်း၊ အရေးယူမှုများ ဆောင်ရွက်ရန်နှင့် ကောင်း မွန်သော ထုတ်လုပ်မှု ကျင့်စဉ်၊ အမှတ်တံဆိပ် တပ်ဆင်ခြင်းတို့အပေါ် ကြီးကြပ်ဆောင်ရွက်မှုများ လိုအပ်ပါသည်။

- **ရောဂါကာကွယ်ထိန်းချုပ်မှုနှင့်ဇီဝလုံခြုံမှုမြှင့်တင်ရေး** - နိုင်ငံလုံးဆိုင်ရာစံမူဝါဒ၊ ဓာတ်ခွဲခန်းများချိတ်ဆက် ဆောင်ရွက်မှုစနစ်၊ ကာကွယ်ဆေးထိုးအစီအမံ (ရည်မှန်းချက်ထား ကာကွယ်ဆေးထိုးစီမံချက်)နှင့် လျင်မြန်စွာတုန့်ပြန်လှုပ်ရှားမှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ဈေးကွက်ရရှိရေး အတွက် ထိရောက်သော အစီအမံ၊ တိကျသောခြေရာခံစနစ်၊ နိုင်ငံတကာသတ်မှတ်စံများနှင့် ညီညွတ်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။
- အဖွဲ့အစည်းစွမ်းရည်ထက်မြက်ခိုင်မာစေရေး အတွက်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအား စွမ်းရည်မြှင့်တင်ခြင်း၊ ကျွမ်းကျင် ဝန်ထမ်းများ လေ့ကျင့်ဖြည့်ဆည်းခြင်း၊ ဘဏ္ဍာငွေပြည့်စုံလုံလောက်ရေးနှင့် အကျိုးအရှိဆုံးထိရောက်စွာ စနစ်တကျ သုံးစွဲနိုင်ရေး၊ ရေရှည်မူဝါဒ လမ်းကြောင်းမြေပုံချမှတ်ပြီး တိကျစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါ သည်။
- မှတ်တမ်းအချက်အလက်စနစ် (စ-လယ်-ဆုံး) စိစစ်သုံးသပ်နိုင်ရန် အတွက် တိရစ္ဆာန် မှတ်တမ်းတင်မှုစနစ်၊ မွေးမြူရေးခြံများ တည်ရှိမှု မြေပုံညွှန်း၊ တိရစ္ဆာန်ရွှေ့လျားမှုလမ်းကြောင်းများ တိကျစွာ ဖေါ်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါ သည်။
- IT ဌာနစု ဖွဲ့စည်းပြီး လုပ်ငန်းများကို Hardware နှင့် Software စနစ် တည်ဆောက်ပြီး လုံခြုံစိတ်ချသော လုပ်ငန်းစဉ် ဖော်ဆောင်ရန် လိုအပ်ပါသည်။ ဗဟိုစုစည်းမှုအခြေခံ တည်ထောင်ပြီး ကွန်ပျူတာ စနစ်ကို ထိရောက်စွာအသုံးပြုခြင်း၊ လုပ်ငန်းဆိုင်ရာ ပရိုဂရမ်များအသုံးပြုခြင်း၊ နည်းပညာရယူသုံးစွဲခြင်း၊ ဝန်ထမ်းများ စနစ်တကျ လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ အချက်အလက် မှန်ကန်ရေး၊ နည်းပညာအသစ်များသုံးစွဲနိုင်ရေး၊ အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်အရင်းအမြစ်၊ ရာသီဥတု၊ နေရာအကျယ်အဝန်းနှင့် ၊ အစာကုန်ကြမ်းထုတ်လုပ်နိုင်မှု စသည့် အခြေခံအားသာချက်များ အပြည့်ရှိနေပြီး ထိုအားသာချက်များကို ယှဉ်ပြိုင်နိုင်သော ထုတ်လုပ်မှု၊ စံချိန်မီ အရည်အသွေး၊ ပြည်ပဈေးကွက်ဝင်ရောက်မှုသို့ ပြောင်းလဲနိုင်ရေးမှာ ယနေ့အရေးအကြီးဆုံးအချိန်အခါသို့ ရောက်ရှိပြီ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရဲထွန်းဝင်း

# အမေရိကန်မှ အသား တင်ပို့မှုအတွက် အရှေ့တောင်အာရှနိုင်ငံများနှင့် သဘောတူညီချက်အသစ်များ ရရှိ

**အ**မေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသည် မလေးရှားနှင့် ကမ္ဘောဒီးယားတို့နှင့် ကုန်သွယ်ရေး သဘောတူညီမှုအသစ်များကို ကြေညာခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်တို့နှင့် မူဘောင်သဘောတူညီမှုများကိုလည်း ထပ်မံဖော်ပြခဲ့သည်။ ၎င်းသည် အမေရိကန်ဝက်သားနှင့်အမဲသား ထုတ်ကုန်များကို အရှေ့တောင်အာရှသို့ တင်ပို့မှု တိုးမြှင့်ရန် ရည်ရွယ်သည်။

“သမ္မတ ထရမ့်သည် အမေရိကန်ကုန်ပစ္စည်းများအတွက် အခွန်နှုန်းများကို လျှော့ချရန်နှင့် ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားရန် ကုန်သွယ်ရေးသဘောတူညီမှုများကို ဆက်လက်ရယူနေသည်” ဟု USTR သံအမတ် Jamieson Greer က ပြောကြားသည်။

ဤသဘောတူညီမှုများသည် အခွန်နှင့် အခွန်မဟုတ်သောအတားအဆီးများကို ကိုင်တွယ်ပြီး FSIS တင်ပို့မှုစာရင်းတွင် ပါဝင်သော အမေရိကန်အလုပ်ရုံများသို့ ဝင်ရောက်ခွင့် တိုးမြှင့်နိုင်မည်ဖြစ်သည်။

“အမေရိကန်ဝက်သားထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းကျော်သည် ပြည်ပသို့ တင်ပို့လျက်ရှိသည်။ ထို့ကြောင့် ထုတ်လုပ်သူများသည် မိမိတို့ လုပ်ငန်းများကို ထိန်းသိမ်းနိုင်ရန် တင်ပို့မှုများကို အားထားကြသည်” ဟု အမေရိကန်ဝက်သားထုတ်လုပ်သူများအဖွဲ့ဥက္ကဋ္ဌ Duane Stateler က ပြောကြားသည်။

တင်ပို့ခွင့်ရရှိသောအလုပ်ရုံအရေအတွက် နည်းပါးသော်လည်း ၂၀၂၄ ခုနှစ်တွင် မလေးရှားသို့ အမေရိကန်ဝက်သားတင်ပို့မှုသည် ဒေါ်လာ ၂၄ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး သဘောတူညီမှုအသစ်များအောက်တွင် တိုးတက်မှုအလားအလာအရှိဆုံး ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။




TTP

Asianagribiz.com(7 November)

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၆)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ်နှင့်သုတေသနများ

(ယခင်အပတ်မှအဆက်)

ဒေါက်တာလှမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

### ထူးချွန်ကျောင်းသား/သူများ အတွက် ပညာသင်ဆု (Scholarshipsfor Agriculture)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များရှိ ထူးချွန်သော၊ အလွန်တော်သောကျောင်းသား/သူများ (Scholarships/Top students) ရွေးချယ်ခြင်း စနစ်များကို ဆွေးနွေးပါမည်။

#### ပညာတော်သင်ဆု (Scholarship) အဓိပ္ပာယ်

ပညာတော်သင်ဆု ဆိုသည်မှာ ကျောင်းသား/ကျောင်းသူများ ပညာသင်ယူရာတွင် ကူညီ ပံ့ပိုးပေးရန် အသေးစိတ် အခြေအနေများအပေါ် အခြေခံပြီး (ပညာရေးတွင်ထူးချွန်စွာ အောင်မြင်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်စွမ်းရည်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက်၊ သီးခြားဘာသာရပ် ခေါင်းစဉ်များ ဥပမာ - စိုက်ပျိုးရေးထူးချွန်ပညာသင်ဆုများ စသဖြင့်) ပေးအပ်သည့် ငွေကြေးဆိုင်ရာ ဆုတစ်မျိုးဖြစ်သည်။ ကျောင်းသား/သူများအတွက် ချေးငွေ (Student Loans)မဟုတ်သဖြင့် ပြန်ပေးရန် မလိုအပ်ပါ။

#### ပညာတော်သင်ဆု အရေးပါချက်များ

(က) ပညာသင်ခွင့်တူညီစွာရယူနိုင်စေရန် - ပညာတော်သော်လည်း စီးပွားရေးအခက်အခဲ ရှိသူများ၊ နောက်ခံငွေကြေး နည်းပါးသူများကို ပညာသင်ခွင့် အခွင့်အရေးပေးနိုင်သည်။

(ခ) ငွေကြေးလိုအပ်မှု လျော့နည်းစေသည် - တက်ရောက်သင်ကြားကျောင်းလခ၊ စာအုပ်များဝယ်ယူစရိတ်၊ နေထိုင်စရိတ် စသည်တို့ကို ကူညီပေးနိုင်သည်။

(ဂ) နိုင်ငံအတွင်း ပညာရေး တိုးတက်မှုကိုအားပေးသည် - ပညာရေးအောင်မြင်မှုရှိသူများကို ဆုချီးမြှင့်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာသင်ကြားစေလိုမှု အားပေး၊ လှုံ့ဆော် ပေးပါသည်။

(ဃ) အခွင့်အရေး သာတူညီမျှမှု - စီးပွားရေးအခြေအနေအရ တက္ကသိုလ်စရိတ် မတတ်နိုင်သော ပညာတော်သူများ ပညာသင်ယူနိုင်စေရန် ကူညီပေးပါသည်။

(င) အထူးသီးသန့်ဘာသာရပ်များ တိုးတက်စေရန် - စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ရာသီဥတု ပြောင်းလဲမှု၊ အင်ဂျင်နီယာ၊ ပညာရေး စသည် ထူးခြားသည့်ဘာသာရပ်များတွင် တက်ရောက်စေရန် လှုံ့ဆော်အားပေးပါသည်။

(စ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေသည် - နိုင်ငံအတွင်း ပညာတတ်များ တိုးတက် မြင့်မားလာခြင်း ဖြင့် အလုပ်အကိုင် ရရှိမှု ပိုမိုကောင်းမွန်လာကာ နိုင်ငံစီးပွားရေး ပိုမိုတိုးတက်နိုင်ပါသည်။

ပညာတော်သင်ဆု (Scholarship) နှင့် ထောက်ပံ့ကြေး (Stipend) များ၏ ကွာခြားချက်

| အချက်အလက် | ပညာတော်သင်ဆု (Scholarship) | ထောက်ပံ့ကြေး (Stipend) |
|---|---|---|
| အမျိုးအစား | ပညာထူးချွန်၍ သင်ယူရေး အတွက်ဆုငွေ | မိဘချို့တဲ့၍ နေထိုင်မှု၊ စာသင်ကြားရန် အတွက် ပုံမှန်ထောက်ပံ့ငွေ |
| အခြေခံအချက် | ပညာရေးအောင်မြင်မှု၊ စည်းမျဉ်း စည်းကမ်းများ အပေါ်အခြေခံ | လေ့ကျင့်ရေး၊ သင်တန်း၊ သုတေသန လုပ်ဆောင်မှုများနှင့် ဆိုင်သည် |
| ပေးပုံစနစ်/အကြိမ်ရေ | တစ်ကြိမ်တည်းသို့မဟုတ် နှစ်ပေါင်းစွာ ပေးခြင်း | လစဉ် သို့မဟုတ် ပုံမှန်အကြိမ်ကြိမ် ပေးခြင်း |
| အသုံးချနိုင်သည့်နေရာ | သင်ကြားခ၊ စာအုပ်၊ သင်တန်း ကြေး စသည် ပညာသင်ယူဆိုင်ရာ ကုန်ကျစရိတ်များ အားလုံးသုံးနိုင် | နေထိုင်ရေး စရိတ်၊ စားစရိတ်၊ သွားလာခ စသည် လုံလောက်ရုံသာ |
| ပြန်ပေးရန်လိုအပ်မှု | မလိုအပ်ပါ | မလိုအပ်သော်လည်း တချို့သုတေသနလုပ်ဆောင် မှုနှင့် ပြန်ပေးရမည် |
| ဥပမာ | ပညာရေးအောင်မြင်မှုအတွက် ပညာတော်သင်ဆု၊ လစဉ်အတွက် ပညာတော်သင်ဆု | သုတေသနဆိုင်ရာ ငွေထောက်ပံ့ခ၊ လေ့ကျင့်ရေး အတွက် ငွေထောက်ပံ့ခ |
| ငွေပမာဏ | ပမာဏအလွန်များ | လုံလောက်ရုံသာ |

စာရေးသူတို့ တက္ကသိုလ်ကျောင်းသားဘဝက အစိုးရက ထောက်ပံ့ကြေး တစ်လ (Stipend) ၇၅ ကျပ်၊ ကျောင်းလခ လွတ်ငြိမ်းခွင့် (Free Tuition) ၁၅ ကျပ် ပေးသည့် စနစ်ရှိပါသည်၊ စာရေးသူ ဖခင်က မူလတန်းကျောင်းအုပ် ဖြစ်သဖြင့် ဇာတိ မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့ နယ်၏ ထောက်ခံချက်ဖြင့် ကျောင်းလခလွတ်ငြိမ်းခွင့် ပထမနှစ်မှ နောက် ဆုံးနှစ်အထိ ရရှိခဲ့ပါသည်။

အစိုးရထူးချွန်ပညာသင်ဆု (Scholarships) မှာ ရန်ကုန်တက္ကသိုလ် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ နှင့် စီးပွားရေးတက္ကသိုလ် စီးပွားရေး ထူးချွန်ပညာသင်ဆု တစ်လ ၃၀၀ ကျပ် ပေးအပ်သည်ဟု ကြားသိဖူးပါသည်၊ စိုက်ပျိုး၊ မွေးမြူရေး ပညာသင်ဆု မရှိခဲ့ ပါ၊ ထိုစဉ်က ဘူးသီးကြော်တစ်ခု ၁၀ပြား၊ လက်ဖက်ရည် တစ်ခွက် ၂၅ ပြား၊ ရေဆင်း-ပျဉ်းမနား ကားခ ၅၀ ပြား ပဲရှိနေခဲ့တော့ လစဉ်ထောက်ပံ့ကြေးရရှိသူများ၏ ၇၅ကျပ်မှာ စားသောက်ကြေး ၄၃ ကျပ်၊ ကျောင်းလခ တစ်လ-၁၅ ကျပ် (၂-လတစ်ကြိမ်သွင်းရပါသည်) သွင်းလျှင်ကိုပဲ တစ်လ ၁၇ ကျပ် ပိုပါသေးသည်၊

#### မြန်မာ့စိုက်ပျိုးမွေးမြူရေးရှုခင်းကို ပုံဖော်ကြည့်ခြင်း

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွဲ့စည်းပုံတွင် အခြေခံကျပြီး အစားထိုး၍မရသော အခန်းကဏ္ဍတစ်ခုကို ပိုင်ဆိုင်ထားပါသည်။ ၎င်းကို "စီးပွားရေး၏ အဓိကအုတ်မြစ်" အဖြစ် ရည်ညွှန်းပြီး နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းနှင့် တည်ငြိမ်မှု၏ အဓိကမောင်းနှင်အားလည်း ဖြစ်ပါသည်။ ဤကဏ္ဍသည် နိုင်ငံ၏ပြည်တွင်း အသားတင် ထုတ်လုပ်မှု (GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးပြီး လုပ်သားအင်အား ၆၀ရာခိုင်နှုန်း ကျော်ကို အလုပ်အကိုင်ပေးထားသည့် အကြီးမားဆုံး အလုပ်ရှင်လည်းဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး၏ လူမှုရေးဆိုင်ရာ အရေးပါမှုသည် ကျေးလက်ဒေသများတွင် ပိုမို ထင်ရှားပြီး လူဦးရေ၏ ၆၀ ရာခိုင်နှုန်း -၇၀ ရာခိုင်နှုန်း နီးပါးအတွက် အဓိကဝင်ငွေအရင်းအမြစ် ဖြစ်ပါသည်။ ကျေးလက်နေအိမ်ထောင်စု ၇၀ ရာခိုင်နှုန်း-၈၅ရာခိုင်နှုန်း ခန့်သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပေါ် မှီခိုနေကြရပြီး၊ နိုင်ငံတော်၏ ဆင်းရဲမှု လျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ အတွက် ဤကဏ္ဍ၏ အရေးပါသော အခန်း ကဏ္ဍကို မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ နက်ရှိုင်းစွာ မှီခိုနေရသောကြောင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ခေတ်မီအောင် လုပ်ဆောင်ခြင်းသည် စီးပွားရေးမူဝါဒရည်မှန်းချက်တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အတွက် မဟာဗျူဟာမြောက် လိုအပ်ချက် တစ်ခုလည်း ဖြစ်သည်။ ဤခေတ်မီအောင် လုပ်ဆောင်မှုသည် စားနပ်ရိက္ခာဖူလုံရေး ရရှိရန်နှင့် စီးပွားရေးတိုးတက်မှု မြှင့်တင်ရန်အတွက် အရေးပါပြီး တစ်နိုင်ငံလုံးရှိ လူနေမှုဘဝများကို တိုးတက်စေရန်အတွက် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ရေနှင့် ကြီးမားသော လုပ်သားအင်အားကဲ့သို့သော သဘာဝအရင်းအမြစ်များက တွန်းအားပေးနေသည့် ဤကဏ္ဍ၏ ကြီးမားသော အလားအလာကို အပြည့်အဝ အသုံးမချနိုင်သေးပါဟု ထင်မြင်ယူဆမိပါသည်။ အနာဂတ်အလားအလာကို အကောင်အထည်ဖော်ရန်အတွက် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုလို အပ်ပြီး၊ ဤရင်းနှီးမြှုပ်နှံမှုသည် လုပ်သားအင်အားကို ရိုးရာအလေ့အကျင့်များမှ ခေတ်မီ၊ ရေရှည်တည်တံ့ပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော စိုက်ပျိုးမွေးမြူရေးနည်း ပညာများသို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာများ ဆောင်ရွက်ပေးရန်အတွက် မရှိ မဖြစ်လိုအပ်သည်ဟုထင်မြင်မိပါသည်။

နိုင်ငံတကာစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ (Agricultural Universities)၊ သုတေ သနဌာနများ (Research Institutes) က ပေးလေ့ရှိတဲ့ ပညာတော်သင်ဆု (Scholarship) နဲ့ ထောက်ပံ့ကြေး (Stipend) ဥပမာများကို အောက်မှာ ကြည့်ရှု နိုင်ပါသည်။

စာ-၁၁ သို့

စာ-၁၀ မှ

### ပညာတော်သင်ဆု (Scholarship) ဥပမာများ

**(က) နိုင်ငံအလိုက်၊ ဒေသအလိုက် ပညာတော်သင်ဆုများ** (In-Country & Regional Scholarship ဥပမာ - DAAD, ACIAR, JICA စသည်)

စိုက်ပျိုးမွေးမြူရေးပညာ အထူးပြု သင်ယူချင်သူများအတွက် နိုင်ငံတကာမှပေးသော ပညာတော်သင်ဆု ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းလခကြေး၊ စာအုပ်ကြေး၊ လေယာဉ် ရေးခရီးစရိတ်၊ သုတေသန ကုန်ကျစရိတ် စသည်တို့ ပါဝင်ပါသည်။

**(က-၁) ဂျာမန်ပညာရပ်ဆိုင်ရာ/ပညာရှင်ဖလှယ်ရေးဝန်ဆောင်မှုအဖွဲ့ (DAAD – German Academic Exchange Service) ဂျာမနီနိုင်ငံ အစိုးရ၊**

ဤအဖွဲ့မှ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များ ပေးအပ်သော ပညာတော်သင်ဆု ဖြစ်ပြီး ဂျာမန်တက္ကသိုလ်များတွင် ပညာသင်ကြား ရပါသည်၊ စာရေးသူ၏ စိုက်ပျိုးရေးပါရဂူဘွဲ့သင်တန်း အတွက် ကက်ဆယ်တက္ကသိုလ် (University of Kassel) တွင် စိုက်ပျိုးရေးပညာသင်ယူဖို့ ဂျာမနီအစိုးရ ဤအဖွဲ့မှ ပညာတော်သင်ဆုပေးခဲ့ပါသည်၊ (ဤနေရာမှကျေးဇူးတင်စကားဆိုပါရစေ)

**(က-၂) ဩစတေးလျအပြည်ပြည်ဆိုင်ရာစိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ (ACIAR – Australian Centre for International Agricultural Research)**

ဩစတေးလျနိုင်ငံ အစိုးရက တည်ထောင်ထားသောဤအဖွဲ့မှ သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်း ရှိပါက မဟာသိပ္ပံ၊ ပါရဂူဘွဲ့ ပညာသင်ဆုပေးပြီး ဩစတေးလျနိုင်ငံ တက္ကသိုလ် တစ်ခုခုတွင် ပညာသင်ယူရပါသည်။

**(က-၃) ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုတိုးတက်ရေးအဖွဲ့ (JICA – Japan International Cooperation Agency)**

ဂျပန်နိုင်ငံအစိုးရက တည်ထောင်ထားသော ဤအဖွဲ့မှ သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်း ရှိပါက မဟာသိပ္ပံ၊ ပါရဂူဘွဲ့ ပညာသင်ဆု ပေးပြီး ဂျပန်နိုင်ငံ တက္ကသိုလ် တစ်ခုခုတွင် ပညာသင်ယူရပါသည်။

**(က-၄) ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုတိုးတက်ရေးအဖွဲ့ (KOICA – Korea International Cooperation Agency)**

ကိုရီးယားနိုင်ငံအစိုးရက တည်ထောင်ထားသော ဤအဖွဲ့မှ သက်ဆိုင်ရာနိုင်ငံတွင် စီမံကိန်း ရှိပါက မဟာသိပ္ပံ၊ ပါရဂူဘွဲ့ ပညာသင်ဆု ပေးပြီး ကိုရီးယားနိုင်ငံ တက္ကသိုလ် တစ်ခုခုတွင် ပညာသင်ယူရပါသည်။

**(ခ) အရှေ့တောင်အာရှနိုင်ငံများ စိုက်ပျိုးမွေးမြူရေးပညာသင်ဆု (SEARCA Scholarship)**

စိုက်ပျိုးမွေးမြူရေး၊ သစ်တော မဟာဘွဲ့/ပါရဂူဘွဲ့အတွက် အရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းသား/ သူများကို ပညာတော်သင်ဆု ပေးသည်။ များသောအားဖြင့် ဖိလစ်ပိုင်နိုင်ငံ၊ ဖိလစ်ပိုင် တက္ကသိုလ် (University of the Philippines Los Banos - UPLB)၊ ထိုင်းနိုင်ငံ ကဆက်ဆပ်တက္ကသိုလ် (Kasetsart University - KU)၊ မလေးရှားနိုင်ငံ ပူထရာ တက္ကသိုလ် (University Putra Malaysia - UPM) တို့တွင် သင်ယူရ လေ့ရှိပါသည်။ (စိုက်ပျိုးရေး ကျောင်းသား၊ ကျောင်းသူ အများစု ဤတက္ကသိုလ်များတွင် သင်ကြားဘွဲ့ယူ ရရှိခဲ့ကြပါသည်၊)

**(ဂ) ဗာဂန်နီဂမ်တက္ကသိုလ်၊ သုတေသနဌာနပညာသင်ဆု၊ နယ်သာလန် (Wageningen University & Research – WUR, Netherlands)**

အာဖရိက၊ အာရှ စသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများ အတွက် Orange Knowledge Programme Scholarships ပေးနေပါသည်။

**(ဃ) အိန္ဒိယစိုက်ပျိုးရေးသုတေသနတက္ကသိုလ်ပညာသင်ဆု၊ အိန္ဒိယနိုင်ငံ (Indian Agricultural Research Institute (IARI – India)**

အိန္ဒိယစိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ (ICAR – Indian Council of Agricultural Research) လက်အောက်ခံ ကျောင်းသား/သူ များ အတွက် ထူးချွန်မှုကို အခြေခံသော ပညာ သင်ဆု (Merit-based Scholarships) အငယ်တန်း/အကြီးတန်း သုတေသနဆု (Junior Research Fellowships, Senior Research Fellowships) ပေးပါသည်။

### နိုင်ငံတကာရှိ ပညာသင်ထောက်ပံ့ကြေး (Stipend) ပေးနေသောဥပမာများ

**(၁) ဘွဲ့လွန်အကူ/လက်ထောက်သုတေသန ထောက်ပံ့ကြေး၊ အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များ (Graduate Research Assistantship - US Agricultural Universities)**

အမေရိကန်နိုင်ငံစိုက်ပျိုးရေးပညာဆိုင်ရာ သုတေသနလုပ်နေသည့် မဟာဘွဲ့/ပါရဂူဘွဲ့ ပြုလုပ်နေသည့် ကျောင်းသား/သူများကို ဓာတ်ခွဲခန်းများ၊ စိုက်ကွင်းများတွင် ပါမောက္ခ သုတေသနများကို ကူညီပေးခြင်းဖြင့် လစဉ် ငွေထောက်ပံ့ကြေး ပေးသည့် စနစ်ဖြစ်ပါသည်။ (အတွေ့အကြုံများစွာလည်းရ၊ ဝင်ငွေအတိုင်းအတာ တစ်ခုအထိလည်းရသော ကောင်းမွန်သည့် အစီအစဉ်ဖြစ်ပါသည်)

ဥပမာ – အမေရိကန်စိုက်ပျိုးမွေးမြူရေးသုတေသနဌာန၏ သုတေသနများ (USDA – United State Department of Agriculture - Research Projects)၊ ကော်နယ် တက္ကသိုလ်၊ စိုက်ပျိုးမွေးမြူရေးကောလိပ် (Cornell University Agriculture College)၊ ကာလီဖိုနီးယားတက္ကသိုလ်၊ ဒေးဗစ်နယ်မြေ (University of California-Davis) စသည်။

**(၂) ဥရောပနိုင်ငံများ ဥပမာ - ဒိန်းမတ်၊ ဂျာမနီ၊ ယူကေ တို့၏ ပါရဂူဘွဲ့ ထောက်ပံ့ကြေး အစီအစဉ်များ (PhD Stipend in Europe e.g. Denmark, Germany, UK)**

စိုက်ပျိုးမွေးမြူရေး သုတေသနပရောဂျက်များတွင် ပါဝင်လျှင် လစဉ် (နေထိုင်ရေး၊ စားစရိတ် အတွက်) ထောက်ပံ့ကြေး (Stipend) ပေးသည့် စနစ်ဖြစ်ပါသည်။

**(၃) အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးမွေးမြူရေးသုတေသနဌာနများ၏ သုတေသနထောက်ပံ့ကြေးစရိတ်များ (International Research Institutes e.g. IRRI, CIMMYT, ICRISAT, World Vegetable Center)**

အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန၊ ဂျုံနှင့်ပြောင်းဖူး သုတေသနဌာန၊ အပူပိုင်း နှင့်အပူလျော့ပိုင်းဒေသသီးနှံများသုတေသနဌာန၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်သုတေသန ဌာနများမှ စိုက်ပျိုးရေး သုတေသနလုပ်နေသော မဟာ/ပါရဂူဘွဲ့ (MSc/PhD) ကျောင်းသား/သူများကို သုတေသနထောက်ပံ့ကြေးစရိတ် (Research Fellowship Stipend) ပေးသောစနစ်ဖြစ်ပါသည်။

**(၄)** ကမ္ဘာ့ကုလသမဂ္ဂ လက်အောက် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO – Food and Agriculture organization) မှလည်း သုတေသနထောက်ပံ့ကြေး ပေးလေ့ရှိပါသည်။

**(၅) ယခင်ကိုလံဘိုစီမံကိန်း ပညာသင်ဆု (Colombo Plan Scholarships)** ၁၉၈၀-ပတ်ဝန်းကျင်လောက်က ကိုလံဘိုစီမံကိန်းဖြင့် မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲ နိုင်ငံများ ကို ယူကေ၊ ဩစတေးလျ၊ နယူးဇီလန် စသည့် ဖွံ့ဖြိုးပြီးနိုင်ငံများက စိုက် ပျိုးမွေးမြူရေး ပညာသင်ဆုပေးခဲ့ပါသည်၊ ၁၉၈၆-ခုနှစ် မဟာစိုက်ပျိုးရေးပညာကို ဤပညာသင်ဆုဖြင့် ဩစတေးလျနိုင်ငံ၊ ကွင်းစလန်တက္ကသိုလ်တွင် (University of Queensland) စာရေးသူတက်ရောက်ခဲ့ရပါသည်။

(မှတ်ချက် - ၁၉၈၈ အရေးအခင်း ဖြစ်တော့ ပညာတော်သင်အချို့ ပြန်မလာကြတော့ပါ၊ စာရေးသူ၏ခံစားချက်ကတော့ မိမိစာတော်လွန်း၍ ပညာတော်သင်ဆု ပေးသည် မဟုတ်ဘဲ မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရန်အတွက် တက္ကသိုလ် ဆရာ၊ ဆရာမများအနေနှင့် ခေတ်မီ စိုက်ပျိုးရေးပညာရပ်များ ကို သင်ကြားပေးပြီး နိုင်ငံ အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ များကို ပြန်လည်သင်ကြားပေးစေလိုသည့်သူတို့နိုင်ငံ၏ကောင်းမွန်သည့်ရည်ရွယ်ချက်ကြောင့် ပြန်လာခဲ့ပါသည်)

နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးမွေးမြူရေး ပညာသင်ဆုမှာ မဟာနှင့်ပါရဂူဘွဲ့ ပညာသင်ဆုများကိုသာပေးအပ်လေ့ရှိပါသည်၊ ဘွဲ့ကြိုသင်တန်းကို ပေးအပ်မှုနည်းပါးပါသည်၊ စာရေးသူ၏ တက္ကသိုလ်ဆရာဘဝ သက်တမ်းတစ်လျှောက် တိုကျိုပုဂ္ဂလိက စိုက်ပျိုးရေးတက္ကသိုလ် (Tokyo Nodai – Tokyo University of Agriculture - TUA) က စိုက်ပျိုးရေးဘွဲ့ကြို ထောက်ပံ့ကြေးဆု ပေးအပ်ခဲ့ဖူးပါသည်။ သို့သော် ဘွဲ့ရပြီး ကလေး အားလုံးလောက်နီးနီး ဂျပန်နိုင်ငံမှ ပြန်မလာကြတော့ပါ၊ ပညာသင်ဆုက မြန်မာနိုင်ငံ အတွက် အကျိုးမရှိ ဖြစ်ခဲ့ရပါသည်။

### စာရေးသူ၏ အတွေးတစ်စ

စာရေးသူတို့ခေတ်က အစိုးရပေးသောဘွဲ့ကြိုပညာသင်ဆု တစ်လ ၃၀၀ ကျပ် သည် ခေါက်ဆွဲကြော် တစ်ပွဲ ၁ ကျပ် (ပွဲ ၃၀၀) ဝယ်စားလို့ရပါသည်၊ ယခု ခေါက်ဆွဲကြော်တစ်ပွဲ ၅၀၀၀ ကျပ် (ပွဲ ၃၀၀ဝစာ) တစ်ဦး တစ်လ ၁၀-၁၅ သိန်းခန့် ဘွဲ့ကြိုပညာတော်သင်ဆု (Undergraduate Scholarships) ပေးမည် ဆိုလျှင် ယခု (Grade-12) ၁၂-တန်းအောင် စာတော်သော ကျောင်းသား၊ကျောင်းသူတစ်ချို့ ဆေးတက္ကသိုလ်သို့ သွားကြမည့် အစား စိုက်ပျိုး၊ မွေးမြူ သစ်တောတက္ကသိုလ်များသို့ လျှောက်လာကြမည်လား စဉ်းစားကြည့် မိပါသည်၊ ဘွဲ့ရလျှင်တော့ နိုင်ငံခြား ထွက်သွားတာ မလုပ်ဘဲ

စာ- ၁၅ သို့




၁၁-၁၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခင်အပတ်နှင့် ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၇၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင်၁၇၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ အောက်စတစ်အိတ်လျှင် ၁၁၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်အသစ် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၅၀၀၀ကျပ် နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲအိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်း နှင့် အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင် ၄၈၀၀၀ ကျပ်နှင့် အောက်စတစ်တင်းခွဲတစ်အိတ်လျှင် ၄၇၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ရွှေဘိုပေါ်ဆန်းနှင့် ဖျာပုံပေါ်ဆန်း ဆန်ချောများမှာ အရောင်း အဝယ်အေးသော်လည်း ပစ္စည်းရှားခြင်း၊ ကုန်အဝင် နည်းခြင်းတို့ကြောင့် ယခင်လထက် သိသာစွာ ဈေးမြင့်လာခဲ့သည်။ ရွှေဘိုပေါ်ဆန်း တစ်အိတ် လျှင် ၅၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကျန်ဆန်အမျိုးအစားများဖြစ်သော ဧယာ၊ ငစိန်၊ ဧည့်မထဆန်များမှာ ပြည်ပပို့ဆန်ဈေးနှုန်းများကျဆင်းနေခြင်း၊ ဆန်သစ် ပေါ်ချိန်ဖြစ်ခြင်း၊ ပြည်တွင်း ပြည်ပမှ ဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့် ယခင်လ၏ ဈေးနှုန်း များဖြင့်သာ ဈေးငြိမ်အရောင်း အဝယ်အေးခဲ့သည်။ မဒါဂတ်စကာ၊ တရုတ် မိုဇမ်ဘစ်၊ ပိုလန်၊ စပိန်၊ ဗီယက်နမ်၊ချက်ရီပတ်ဘလစ်၊ဘယ်လဂျီယမ်၊တီမောလက်စတီ၊မလေးရှား၊ လစ်သူရေး နီးယား၊ တူရကီ၊ စလိုဗေးနီးယား၊ နယ်သာလန်၊ ယူကေနိုင်ငံများသို့ တင်ပို့မှုများရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့မှလည်းသင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့်လှည့်လည် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန် ဈေးကွက် သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများနှင့်အတူ ကမ္ဘာ့ရွှေဈေးနှင့်နိုင်ငံခြားငွေလဲနှုန်းမတည်ငြိမ်မှုများခြင်း၊ နယ်စပ်ဂိတ်များမှလည်း ကုန်စည်စီးဆင်းမှု နည်းခြင်း၊ မုန်တိုင်းမိုးများ ရွာသွန်းသော ကာလဖြစ်၍ အရောင်းအဝယ်အေးခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့မှု နည်းခြင်း၊ တိရစ္ဆာန်အစာအဖြစ်လည်း ဝယ်ယူမှုနည်းခြင်း၊ လှောင်လက်များမှ ဝယ်ယူမှု မရှိခြင်းနှင့် တောင်သူများမှ ရောင်းလိုအားများခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ် ထက် ဆက်လက်ဈေးနိမ့်ခဲ့သည်။ အစေ့ထုတ်ပြောင်း၅၄ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်း မှာ ၇၆၆၈၀ ကျပ်ပင်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၄၅၂၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ဇွန်လတတိယရက်သတ္တပတ်မှ စတင်ကာ ယခုရက်သတ္တပတ်တိုင်အောင် အဆင့်ဆင့် ဈေးနိမ့် လာခဲ့ခြင်းဖြစ်သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ကြက်သွန်နီ(ထူး၊လတ်၊သေး)မှာ ဈေးကွက်သို့ ကုန်အဝင်များသော်လည်း ပစ္စည်းအလု ရှားခြင်း၊စားသုံးသူများမှအလက်စနှင့် အသေးစများအားဝယ်ယူမှုများခြင်းတို့ကြောင့် ကြက်သွန်နီ အလတ်စနှင့် အသေးစများ အနည်းငယ်ဈေးမြင့်ခဲ့ပြီး ကြက်သွန်နီ(ထူး)မှာ ဈေးငြိမ်လျက်ရှိသည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၁၂၀၀-၇၅၀-၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၂၀၀-၈၂၅-၅၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ ပခုက္ကူ၊ တောင်သာဒေသများမှ ကုန်ဝင်ရောက်မှုများခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူကြူကုတ်မှာကုန်အဝင်နည်းခြင်းနှင့် အရည်အသွေးကောင်းခြင်းနှင့် ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းတို့ကြောင့် ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ် ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ကုန်အဝင်ပုံမှန်ရှိခြင်း၊ အရည်အသွေးနိမ့်လာခြင်း၊ စားသုံးသူများက ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၃၂၅၀ ကျပ်ဖြစ်ပြီး ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ပျမ်းမျှဈေး နှုန်းမှာ ၅၀၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက် သို့ အောင်ပန်းကြက်သွန်ဖြူနှင့် ကြူကုတ်ကြက် သွန်ဖြူများပုံမှန် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ၊ ငရုတ်ခြောက်အဟောင်းစများနှင့် အအေးခန်း လှောင်စများကုန်ဝင်ရောက်မှုရှိခဲ့ပြီး၊စားသုံးသူများမှ ဈေးချိုသောငရုတ်စိုများအား ဝယ်ယူစားသုံး မှုများခြင်း၊ ငရုတ်ခြောက်(ရှည်) များမှာ ကုန်အဝင်နည်းခြင်း၊ အအေးခန်းလှောင်စများဖြစ်၍ ဈေးမြင့်နေခြင်းတို့ကြောင့် အရောင်းအဝယ်အေးကာ ယခင်အပတ်ထက် ဈေးမြင့်လျက်ရှိသည်။ ငရုတ်ခြောက်(လတ်)မှာ ပျော်ဘွယ်(မိုးထောင်)ငရုတ်တစ်မျိုးသာကုန်အဝင်ရှိခြင်း၊ အရည်အသွေး ကောင်းခြင်းနှင့် ကုန်အဝင် အလွန်နည်းခြင်းကြောင် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ငရုတ်များအပြင် ဈေးချိုသော အရည်အသွေး နိမ့်သော ဇီးပွ(ပု) ငရုတ်များ ကုန်အဝင်ရှိလာခြင်းကြောင့် ကုန်အဝင်နည်းကာ  အရောင်းအဝယ် အေးသော်လည်း ပျမ်းမျှ ငရုတ်ပွ ဈေးနှုန်းများအား ယခင်အပတ်ထက် ဈေးနိမ့်စေခဲ့သည်။ ထို့ကြောင့် ငရုတ်ခြောက်(ရှည်၊ လတ်၊ပွ)တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၀၀၀၀-၁၁၀၀၀-၃၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၀၂၅၀-၁၂၀၀၀-၂၆၂၅၀ ကျပ်သို့ ရောက်ရှိခဲ့သည်။ တရုတ်အာလူးများ ကုန်အဝင်အလွန်နည်းခြင်းကြောင့် တရုတ် အာလူးများ ယခင်အပတ်ထက် အနည်းငယ်ဈေးမြင့်ခဲ့သည်။ ရှမ်းအာလူးဈေးနှုန်းများမှာ ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်နည်းသော်လည်း အစိုဓာတ်များခြင်း၊ အရွယ်အစား သေးခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၆၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၆၇၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ရှမ်းအာလူး (Ok-S1-S2) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၅၅၀၀-၆၀၀၀-၆၈၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၅၀၀၀-၅၅၀၀-၆၃၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ အောင်ပန်းဒေသမှ အာလူးဝင်ရောက်မှုနည်းခဲ့ကြောင်းသိရသည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သောနိုင်ငံများတွင်ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ ၆၄၀၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင်  ၁၀ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။ပြင်ပရိုလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေး နှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

အေးသန္တာဝင်း

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန် ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၁၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်ဈေးကွက်

ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းတို့မှာ မြို့တွင်း စားသုံးမှုပုံမှန်ဖြစ်ပြီး နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းမှာ စိုက်ဧကနည်း အထွက်နည်းခြင်း၊ ကထိန်ကာလမြို့တွင်းသုံးစွဲမှုအတွက် ဝယ်ယူမှုများခြင်းတို့ကြောင့် တစ်အိတ် ၁၄၅၀၀၀ ကျပ်မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွား သည်။

မနောသုခဆန်မှာ မိုးစပါးဝင်ချိန်နည်းခြင်း၊ နယ်ဝေးတင်ပို့ရမှု နည်းခြင်းကြောင့် တစ်အိတ် ၇၈၀၀၀ကျပ်မှ ၇၂၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

ငစိန်ဆန်မှာ မိုးစပါးဝင်ချိန်နီးခြင်း၊ မုန့်လုပ်ငန်းသမား ကထိန်ကာလဖြစ်၍ အဝယ်နည်းခြင်းကြောင့် တစ်အိတ် ၅၉၀၀၀ကျပ်မှ ၅၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ဇီယာဆန်မှာ အဝင်နည်းခြင်း၊ မြို့တွင်း စားသုံးမှု ပုံမှန်ရှိသော်လည်း အသစ်ပေါ်ချိန်ဖြစ်ခြင်းကြောင့် အဟောင်းတစ်အိတ် ၈၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ဧရာမင်းဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုနှင့် မန္တလေး ဝန်းကျင်မှ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် ဆီဈေးကွက်

မြေပဲ (လုံးဆန်) ဈေးနှုန်းမှာ မိုးမြေပဲ အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် နွားထိုးလုံးဆန် ၁၀၀ ပိဿာ အရည်အသွေး အကောင်းဆုံး ၈၃၀၀၀၀ကျပ်၊ မြင်းမူဆံ အကောင်းဆုံး ၈၅၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မြေပဲ (ဆီဆန်)မှာ ဆီစက်သမားအဝယ်ပုံမှန်၊ မိုးမြေပဲအဝင်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၇၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူ (ဂျပန်) လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ ဆောင်းနှမ်းစိုက်ပျိုးချိန် ဖြစ်ခြင်းကြောင့် ၄၅ပိဿာလျှင် ၃၁၅၀၀၀ကျပ်မှ ၂၉၅၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်ပြီး နှမ်းဖြူ (ရိုးရိုး) မှာ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာမူ အသစ်အဝင်များခြင်း၊ ဆီစက်သမားဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၂၈၂၀၀၀ ကျပ်မှ ၂၇၅၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် ပစ္စည်း ရှားခြင်း၊ ဈေးမြင့်သဖြင့် ဘယဆေး သမားနှင့် ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၄၅ပိဿာ ၂၉၅၀၀၀ကျပ် ဈေးတည်ငြိမ်နေပြီး အရောင်း အဝယ်အေးနေသည်။

နေကြာဈေးနှုန်းမှာ မိုးနေကြာအဝင်နည်းခဲ့ခြင်း၊ ဆောင်းနေကြာ စိုက်ပျိုးထားဆဲဖြစ်ခြင်းကြောင့် ၂၇ပိဿာ အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၁၉၃၀၀၀ကျပ်မှ ယခုအပတ်၂၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွား သည်။

## စားဖိုဆောင်ဈေးကွက်

ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ပျော်ဘွယ်တို့မှ ဝင်ရောက်မှု နည်းသွားခြင်း၊ မြို့တွင်းသုံး အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ ကျပ်မှ ၁၃၅၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီတိုင်း ဝန်းကျင်မှ Aircon သီးများ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိဿာ ၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ကြက်သွန်နီမှာ မြစ်သားကြက်သွန်မဝင်သေးဘဲ မုံရွာ၊ မြင်းခြံ၊ ထီးဆောင်းနယ်စုံကြက်သွန်များ ဝင်ရောက်မှုရှိပြီး နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ ကထိန်ကာလ အရောင်းအဝယ်အေးခြင်းကြောင့် တစ်ပိဿာ ၁၈၀၀ကျပ်မှ ၁၆၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး လတ်တစ်ပိဿာ ၁၃၀၀ကျပ်၊ သေး တစ်ပိဿာ ၆၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပမ်းဆက်သွယ်ရေးကြောင့် အဝင်နည်းပြီး လက်ကျန်များသာ ရောင်းဝယ်မှုရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(ရှမ်း) မှာ ဝင်ရောက်မှုပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည် အသွေးအညံ့ဆုံး တစ်ပိဿာ ၂၅၀၀ကျပ်မှ အကောင်းဆုံး ၅၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။

တရုတ်အာလူးများ ဝင်ရောက်မှုမရှိသေးဘဲ ဒေသသီး၊ အောင်ပန်းသီးများ သာ ဝင်ရောက်မှုများပြီး အိုကေတစ်ပိဿာ ၆၃၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၅၅၀၀ကျပ်ဖြင့် မြို့တွင်းစားသုံးမှု အတွက် အဝယ်များနေသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲ ဈေးနှုန်းမှာ ကျောက်ရစ်ပဲများ ဝင်ရောက်မှုရှိခြင်း၊ ရန်ကုန် ဝယ်လက်အနည်းငယ်သာ ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၂၄၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ အညာပဲခြံပဲများ အရည်အသွေးပေါ်မူတည်၍ အညံ့ဆုံး ၃တင်း တစ်အိတ် ၁၈၀၀၀၀မှ အကောင်းဆုံး ၂၁၀၀၀၀ကျပ်ဖြင့် ပဲခွဲစက်များ ဝယ်ယူမှုရှိသည်။

ပဲတီစိမ်းဈေးနှုန်းမှာ မိုးပဲတီစိမ်းများ အဝင်နည်းသွားခြင်း၊ တရုတ်ဝယ်လက်နည်းပြီး ပဲခွဲစက်များ ဝယ်ယူမှုများခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃၃၅၀၀၀ကျပ်မှ ၃၅၀၀၀၀ကျပ် သို့ ဈေးမြင့် သွားသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ပဲစဉ်းငုံ(နီ)အား ခွဲစက်သမား၊ ရန်ကုန်သမား အဝယ်အနည်းငယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ယခင်အပတ် ၂၄၆၀၀၀ ကျပ်မှ ၂၄၈၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ပဲစဉ်းငုံ(ဖြူ) မှာလည်း အရောင်းအဝယ်အေးရာမှ ယခုအပတ်ပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(မြန်မာ)မှာမိုးပဲ အထွက်နည်း၊ အဝင်နည်း သော်လည်း ဆောင်းပဲစိုက်ပျိုးထားသောကာလဖြစ်ပြီး လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ် ပုံမှန်ရှိခြင်း၊ မိုးပဲအဝင် နည်းခဲ့ခြင်းကြောင့် ပဲအရည်အသွေးပေါ်မူတည်၍ အညံ့ဆုံး ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ကျပ် ထိ ဈေးအမျိုးမျိုးဖြင့်ရောင်းဝယ်နေသည်။

ကုလားပဲ(ကုဖြူကြီး)မှာ အဝင်ပုံမှန် ပဲခွဲစက်နှင့်လုပ်ငန်း သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကုလားပဲ (တရုတ်(တိုင်ပေ))မှာလည်း အဝင်ပုံမှန်၊ ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၃၀၀၀၀ကျပ်ဖြင့် ဈေးငြိမ် ပြီး လုံးဝါကြီး ဈေးတည်ငြိမ်ပြီး လက်လီသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၅၈၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မြေတောက်ပဲမှာ မုံရွာဘက်မှ အဝင်နည်းပြီး အညာဘက်မှ ဝင်ရောက်ပြီး လုပ်ငန်းသမားအကြော် အလှော်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်း ၂၇၀၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲယင်းကြီးမှာ ခွဲစက်များ၊ ကြာဇံသမားများ အဝယ်နည်းသော်လည်း အဝင်နည်းခြင်း၊ ဆောင်းပဲ စိုက်ထားဆဲ ဖြစ်ခြင်းကြောင့် ၃တင်းတစ်အိတ် ၂၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စားတော်ပဲ (ကျွန်း)မှာ စားတော်ပဲ (ကနေဒါ) အဝင်နည်းခြင်း၊ ယူကရိန်းမဝင်ခြင်း၊ စားတော်ပဲ (ကျွန်း) စိုက်ထားဆဲကာလဖြစ်ခြင်း၊ လက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ယခင် အပတ် ၈၅၀၀၀၀မှ ၉၁၀၀၀၀ ထိ ဈေးမြင့်သွားသည်။

အဝင်ပုံမှန်၊ လုပ်ငန်းသမား အဝယ်နည်းခြင်း ကြောင့် ပဲကြီး (ကြီး) ၃တင်းတစ်အိတ် ၄၈၀၀၀၀ကျပ်မှ ၄၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ထောပတ်ပဲ (ကြီး)မှာ ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး (သေး)နှင့် ထောပတ်ပဲ (သေး)မှာ လက်လီသမား အဝယ်များခြင်းကြောင့် ပဲကြီး (သေး) တစ်အိတ် ၃၅၀၀၀၀ကျပ်မှ ၃၇၀၀၀၀ကျပ်၊ ထောပတ်ပဲ (သေး) မှာ ၁၈၀၀၀၀ကျပ်မှ ၂၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲလွန်းဖြူမှာ အရောင်းအဝယ်အေးခြင်းကြောင့် ယခင်လများ ဈေးနှုန်းအတိုင်း ၂၉၀၀၀၀ကျပ်ဖြင့် တည်ငြိမ်နေပြီး ပဲလွန်းပြာမှာ လက်လီ သမား အဝယ်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ယခင်ပတ် ၁၈၀၀၀၀ကျပ်မှ ယခုအပတ် ၁၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီး/ရွက် နှင့် သစ်သီးဝလံ ဈေးကွက်

ပန်းသီးများ အဝင်များပြီး ၁၂၀လုံးပါ တစ်ဖာလျှင် ၂၁၀၀၀၀ကျပ်၊ ရှာငံဘက်မှ ထောပတ်သီး ၁၂၀လုံးပါ တစ်အိတ် ၄၀၀၀၀ကျပ်၊ ရမည်းသင်းမှ

စာ-၁၅ သို့

သဘာဝကပေးအစာနှင့်ဆေး

# ကင်ပလင်းပင်

ကြေးမုံငယ်

ကင်ပလင်းပင်ကို ကျွဲပြည့်စင်ပင်၊ ပြည့်ချဉ်ပင်ဟု လူသိများကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ bignay ဟု ခေါ်ဆိုကြသကဲ့သို့ currant tree, Chinese-laurel, wild cherry, Queensland cherry နှင့် bugnay ဟုလည်း ခေါ်ကြ၏။ ရုက္ခဗေဒအမည်မှာ Antidesma bunius (L.) Spreng. ဟု ခေါ်ဆိုပြီး မျိုးရင်း Phyllanthaceae တွင် ပါဝင်၏။

ကင်ပလင်းပင်သည် သီရိလင်္ကာနှင့် အိန္ဒိယအပါအဝင် တောင်အာရှနိုင်ငံများ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာတို့ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် မူလစတင်ဖြစ်ထွန်းပေါက်ရောက်ပြီး ဩစတြေးလျမြောက်ပိုင်း၊ ပါပူအာ နယူးဂီနီနှင့် ဆော်လမွန်ကျွန်းစုများ အထိ ကျယ်ပြန့်ဖြစ်ထွန်း၏။

ကင်ပလင်းပင်သည် အပူပိုင်းဒေသ၏ အမြဲစိမ်းအပင်ကြီးမျိုးဖြစ်ပြီး အမြင့် ၃၀ မီတာအထိ ကြီးထွားဖြစ်ထွန်း၏။ အပင်တွင် အဖိုနှင့် အမပင် သီးခြားစီရှိ၏။ အရွက်များမှာ ထိပ်ချွန်ကာ တောက်ပြောင်သော စိမ်းဝါရောင်ရှိ၏။ ပန်းပွင့်များမှာသေးငယ်ပြီး အနီရောင်သန်းကာ သင်းပျံ့သောမွှေးရနံ့ရှိသည့်အပြင် အဖိုနှင့် အမ ပန်းပွင့် သီးခြားစီပွင့်၏။ အသီးခိုင်လေးများတွင် လုံးဝန်းပြီး သေးငယ်သော အသီးလေးများစွာ စီစီရီရီအတွဲလိုက် သီးတတ်၏။ အသီးလေးများမှာ နုသည့်အချိန်တွင် အရောင်စိမ်းကာ အရသာချဉ်ပြီး ရင့်မှည့်သောအခါ အဝါရောင်မှသည် ပန်းနီရောင်၊ ခရမ်းရောင်၊ အနက်ရောင်သို့ ပြောင်းလဲသွားပြီး ချိုမြိန်သည့်အရသာကို ပေးစွမ်းနိုင်၏။ အသီးတစ်လုံးစီတွင် မာကျောပြီး အစင်းကြောင်းများပါရှိသော ဝါကျင်ကျင်အရောင် အစေ့တစ်စေ့တည်း ပါဝင်၏။

ကင်ပလင်းရွက်နှင့် အသီးတို့တွင် အမျှင်ဓာတ်၊ ပရိုတင်းတို့နှင့်အတူ ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားစနစ်၊ အမြင်အာရုံနှင့် ဆဲလ်များ၏ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သော ဗီတာမင်အေ၊ ဘီဝမ်း၊ စီ၊ ဗီတာမင်အီးတို့ ကြွယ်ဝစွာ ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် အိုင်းယွန်း၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်နှင့် ပိုတက်စီယမ်တို့ ပါဝင်၏။ ထို့အပြင် ခန္ဓာကိုယ်၏ ကျန်းမာရေးကို အကျိုးပြုစေသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် ပိုလီဖီနောလ်၊ ဖလေဗာနွိုက်၊ ဖီနောလစ်နှင့် အန်သိုဆိုင်ယာနင်တို့လည်း ပါဝင်၏။ အသီးတွင် ကိုဘော့လ်cobalt နှင့် အတူ မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များ လည်းပါဝင်၏။ ထို့အပြင် အယ်လ်ကာလွိုက်၊ တာပင်နှင့် ဆာပိုနင်ကဲ့သို့ ကျန်းမာရေးအကျိုးကျေးဇူး ကောင်းများစွာပေးစွမ်းနိုင်သည့် phytochemicals များစွာလည်း ပါဝင်၏။

ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ကင်ပလင်းပင်၏ အစိတ်အပိုင်းအများဖြစ်သည့် အရွက်၊ အသီးနှင့် အခေါက်တို့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် ရောဂါအမျိုးမျိုးအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။

- အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ကင်ပလင်းရွက်နှင့် အသီးတို့သည် အစာခြေစနစ်ကျန်းမာရေး၊ သဘာဝအတိုင်း အူမကြီးသန့်စင်ဆေးနှင့် ဝမ်းချုပ်ခြင်းကို သက်သာစေသော ပျော့ပျောင်းသော ဝမ်းနုတ်ဆေးအဖြစ် စားသုံးနိုင်ခြင်းနှင့်အတူ အစာအိမ်နာခြင်းကဲ့သို့သော ပြဿနာများကို ကူညီပေးနိုင်၏။

- ကင်ပလင်းရွက်တွင်ပါဝင်သော ဒြပ်ပေါင်းများ၊ အထူးသဖြင့် အယ်လ်ဖာ-ဂလူးကိုစီဒေ့စ် alpha-glucosidase သည် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်စွမ်းရှိပြီး ဆီးချိုရောဂါကိုတိုက်ဖျက်ပေးနိုင်စွမ်းရှိ၏။

- ကင်ပလင်းရွက်နှင့် အသီးတို့တွင် ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အဆီဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်စေပြီး သွေးအတွင်းရှိ ကိုလက်စထရောပမာဏကို ထိန်းညှိပေးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ချေကို ကာကွယ်ပေးနိုင်၏။ ထို့မျှသာမက ဆဲလ်များကို ကျန်းမာစေခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ဆန့်ကျင်ပေးနိုင်ခြင်း၊ ကိုယ်တွင်း ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်ခြင်းတို့ကိုလည်း ပေးစွမ်းနိုင်၏။

- ကင်ပလင်းသီးတွင်လည်း ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်ပြီး ယင်းသည် သွေးလည်ပတ်မှုကို တိုးတက်ကောင်းမွန်စေခြင်း၊သွေးကြောများ၏ လုပ်ငန်းဆောင်တာကို အထောက်အကူပြုခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို ကောင်းမွန်စေခြင်းတို့ကို ပေးစွမ်းနိုင်၏။

- ကင်ပလင်းသီးမှထုတ်ယူထားသော အရည်များသည် ဂေါက်ရောဂါနှင့် အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ပန်းနာရင်ကျပ်၊ အအေးမိ၊ ချောင်းဆိုးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို သက်သာစေရန် အသုံးပြုကြသည်။

- ကင်ပလင်းရွက်မှကြိတ်ယူရရှိသည့် အရည်သည် အသည်းမှ အဆိပ်ထုတ်ပေးခြင်း၊ သည်းခြေကျန်းမာရေးကို အထောက်အကူပြုနိုင်စွမ်းရှိ၏။

- phytochemical ပါဝင်သည့် ကင်ပလင်းသီးသည် ခန္ဓာကိုယ်တွင် free radicals များကြောင့်ဖြစ်ပေါ်လာသော ဆဲလ်များပျက်စီးမှုမှ ကာကွယ်ပေးနိုင်ပြီး အချို့သောကင်ဆာရောဂါများအပါအဝင် နာတာရှည်ရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သော ဂုဏ်သတ္တိများရှိ၏။

မြန်မာနိုင်ငံတွင် ကင်ပလင်းပင်ကို အထူးသဖြင့် အညာဒေသများ၊ ချင်းပြည်နယ်နှင့် ဒေသအတော်များများတွင် တွေ့ရှိနိုင်၏။ ကင်ပလင်းရွက်နုနှင့် ကင်ပလင်းသီးတို့ကို ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်ရာတွင် အသုံးပြုလေ့ရှိကြ၏။

- ကင်ပလင်းရွက်နုသည် အနည်းငယ်ချဉ်သည့်အရသာရှိသည့်အတွက် ချဉ်ရည်ဟင်းများ ချက်ပြုတ်စားသောက်လေ့ ရှိကြ၏။ ကြက်သား/ဝက်သား/အမဲသား/ငါး/ပုစွန်တို့ကို ဆီပြန်ဟင်းချက်သည့်အခါ ကင်ပလင်းရွက်နုကိုအရည် သောက်ချက်ပြီး စားသုံးခြင်းက လိုက်ဖက်သည့် ဟင်းအတွဲအစပ်ဖြစ်စေ၏။

- ကင်ပလင်းရွက်နုလေးများကို ရေနွေးဖျောပြီး ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်၏။ ကင်ပလင်းအသီးစိမ်းကိုလည်း တို့စရာအဖြစ် စားသုံး နိုင်၏။

- ရေနွေးဖျောထားသော ကင်ပလင်းရွက်နုလေးများကို ခပ်ပါးပါးလှီးပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ ငရုတ်သီး အလျော် ထောင်းတို့နှင့် သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်သည့်အပြင် ထမင်းမြိန်စေသည့် ဟင်းတစ်မယ်တိုးစေ၏။

- ကင်ပလင်းရွက်နုများကို အခြောက်လှန်းပြီး ရေနွေးဆူဆူထဲ ထည့်ခပ်ပြီး ကင်ပလင်းရေနွေးကြမ်းလည်း ပြုလုပ် သောက်သုံးနိုင်၏။

- ကင်ပလင်းသီးစိမ်းများမှာ အချဉ်အရသာကို ပေးစွမ်းနိုင်သည့်အတွက် အချဉ်အရသာရရှိလိုသည့် ဟင်းလျာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ အသား/ငါး စွပ်ပြုတ်များ ထဲတွင်လည်းကောင်း ထည့်သွင်းပြင်ဆင်စားသုံးကြ၏။

- ကင်ပလင်းသီးမှည့်များမှာ ချိုချဉ်အရသာရှိသည့်အတွက် လတ်လတ်ဆတ်ဆတ် စားသုံးနိုင်သကဲ့သို့ သက်တမ်း ပိုရှည်သော တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ယိုများ၊ ဂျယ်လီများနှင့် ဆက်စပ်စားသောက်ကုန်များ၊ ဝိုင်နှင့် အဖျော် ယမကာ ထုတ်ကုန်များ ပြုလုပ်ရာတွင် အသုံးပြုကြ၏။










ကင်ပလင်းပင်၏အခေါက်မှရရှိသော အမျှင်များကို ခိုင်ခံ့သောကြိုးများထုတ်လုပ်ရန် အသုံးပြုနိုင်၏။

စာ-၁၅ သို့

# တိရစ္ဆာန်စာတင်သွင်းမှု လျှော့ချနိုင်ရန် ဗီဇနည်းပညာဗျူဟာ အသုံးချရေး ဗီယက်နမ်ကြိုးပမ်း

ဗီယက်နမ်သည် တိရစ္ဆာန်အစာအတွက် အသုံးပြုမည့်သီးနှံများကို စိုက်ပျိုးရန် ဗီဇတည်းဖြတ်နည်းပညာကို အသုံးပြုရန် စီစဉ်နေသည်။ သို့သော် ဤနည်းပညာကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဥပဒေစည်းမျဉ်းများ ရေးဆွဲမှု အပြီးမသတ်နိုင်သေးပေ။

သိပ္ပံနှင့်နည်းပညာဌာန ဒါရိုက်တာ Nguyen Van Long က မျိုးရိုးဖလာမျိုးရွေးချယ်မွေးမြူခြင်း၊ ဗီဇတည်းဖြတ်ခြင်းနှင့် ဗီဇပြုပြင်ခြင်းတို့ အကြောင်းကို ပါဝင်သူအားလုံး အကြား တူညီသည့် နားလည်မှုရှိရန်လိုအပ်ကြောင်း သို့မှသာ သင့်လျော်မှန်ကန်သည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

"သိပ္ပံနှင့်နည်းပညာသည် စိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်ခေတ်မီမှုနှင့် တိုးတက်မှုအတွက် အရေးပါသော ခေါင်းစဉ်တစ်ခုဖြစ်လာစေရန် သိပ္ပံပညာရှင်များနှင့် မီဒီယာအေဂျင်စီများက ကျွန်ုပ်တို့နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါသည်" ဟု Dr. Long က အလေးပေး ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ဗီယိုနည်းပညာဌာနမှ ဒုတိယပါမောက္ခ Pham Bich Ngoc ၏ ဦးဆောင်မှုဖြင့် CRISPR/Cas9 နည်းပညာကို အသုံးပြုကာ မကြေညက်စေနိုင်သော သကြားဓာတ် ၂၅ ရာခိုင်နှုန်း လျှော့ချထားသော ပဲပုပ်မျိုးစိတ်အသစ်တစ်မျိုးကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့သည်။

ဤအောင်မြင်မှုသည် တိရစ္ဆာန်အစာအဖြစ် အသုံးပြုရန်အတွက် ပဲပုပ်အများစုကို (၉၀ ရာခိုင်နှုန်းကျော်) ပြင်ပမှ တင်သွင်းရသော ဗီယက်နမ်နိုင်ငံအတွက် အရေးကြီးသော တိုးတက်မှုတစ်ခုဖြစ်သည်။ သုတေသနအဖွဲ့သည် ခံနိုင်ရည်ကောင်းသော သီးနှံမျိုးစိတ်အသစ်များ ဖန်တီးရန်နှင့် စိုက်ပျိုးရေးနှင့် ဆေးဘက်ဆိုင်ရာအကျိုးအတွက် မိုက်ခရိုအော်ဂဲနစ်များတွင် ဗီဇတည်းဖြတ်နည်းပညာကို အသုံးချနိုင်မှုများကို ဆန်းစစ်လေ့လာရန် ရည်ရွယ်ထားသည်။



TTP
Asianagribiz.comm(7 October)

စာ-၁၁ မှ

ပြည်တွင်း တက္ကသိုလ်၊ သုတေသနဌာနများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပုဂ္ဂလိကကဏ္ဍများတွင် အနည်းဆုံးငါးနှစ် စသည်ဖြင့် အလုပ်လုပ်ပါမည် ဟူ၍လက်မှတ်ရေးထိုးထားရန်တော့လိုပါလိမ့်မည်။

ပညာတော်သင်ဆုကို အစိုးရတစ်ခုတည်းပေးတာ မဟုတ်ဘဲ ပုဂ္ဂလိကဘဏ် သူဌေးကြီးများ၊ ဆန်စပါး၊ ဆီစက်၊ လုပ်ငန်းရှင် အသင်းများက မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ် တော ကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်စေချင်၍ တစ်နှစ် ၃ ဦးစီလောက် တိုင်ပင်ပြီး ပေးလျှင်ကော အဆင်ပြေမလား စဉ်းစားကြည့်နေမိပါသည်။

နိုင်ငံတကာတွင် ကျင့်သုံးနေသော ကျောင်းသားချေးငွေ (Student Loans) စနစ်ဖန်တီး ပေးပြီး ချေးငွေဖြင့် ကျောင်းတက်၊ ဘွဲ့ရလျှင် မိမိစိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာကုမ္ပဏီ၊ ပုဂ္ဂလိက လုပ်ငန်းများ တွင် ၅-၁၀ နှစ် စသည်ဖြင့် လုပ်ကိုင်ပြီး ငွေပြန်ဆပ်စေခြင်း စသည့် လုပ်ငန်းများကိုလည်း စီမံ၍ရနိုင်ပါသည်၊ ငွေချေးပြီးလျှင်တော့ ပြန်ဆပ်ရပါမည်။

(အမိနိုင်ငံ စိုက်ပျိုးမွေးမြူရေးပညာများဖြင့် ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်စေတနာ ဖြင့်)

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၄ မှ

ပင်စည်မှ ရရှိသည့် အနီရောင်သစ်သားကို ကတ်ထူပြားများထုတ်လုပ်ရာတွင် အသုံးပြု၏။ ကင်ပလင်းရွက်၏တောက်ပြောင်ပြီး ဆွဲဆောင်မှုရှိသော အသွင်အပြင်နှင့် စိမ်းဝါရောင်အလှ၊ ရောင်စုံအသီးခိုင်လေးများကြောင့် လူကြိုက်များသော အလှစိုက်အပင်အဖြစ်လည်း စိုက်ပျိုးလာကြ၏။ အသီးမှလည်း အော်ဂဲနစ်ပိုးသတ်ဆေး ထုတ်လုပ်ပြီး အသုံးပြုနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကင်ပလင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ အတွက် ဂေဟာစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်



စာ-၁၃ မှ

မြန်မာစပျစ်သီး တစ်ပိဿာ ၁၆၀၀၀ကျပ်၊ ဖရဲသီးများ ချောင်းဦးမှ ဝင်ရောက်ခြင်း၊ အလုံးသေးမျိုးများသာ အဝင်များခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၀၀၀ မှ ၃၀၀၀ ကျပ်၊ သီပေါဘက်မှ ကဗ္ဗလာသီးများ အဝင်များပြီး ၁၀၀ပိဿာ ၂၅၀၀၀၀ကျပ်မှ ၃၀၀၀၀၀ကျပ်၊ အုန်းချောနှင့် မန္တလေးဝန်းကျင်မှ သဘော်သီးတစ်လုံး ၂၅၀၀ ကျပ်ဖြင့် ပြင်ဦးလွင်၊ အောင်လံ၊ သထုံ၊ ပြည်၊ တန့်ဆည် စသောမြို့များသို့ တင်ပို့သည်။

ဟင်းသီး/ရွက်ဈေးနှုန်းအနေဖြင့် တပ်ကုန်း/ သာစည် ကထိန်ကာလ၊ ခူးဆွတ်မှုနည်းပြီး ဝင်ရောက်မှုနည်းခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၄၅၀၀ကျပ်၊ စတက်တာ တစ်ပိဿာ ၅၀၀၀ကျပ်သို့ ဈေးမြင့်နေပြီး ငရုတ်စို (လတ်) မှာ မုံရွာ၊ ချောင်းဦး တို့မှ ဝင်ရောက်ပြီး အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၇၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ငပိထောင်း၊ လက်ဖက်သမားများ ပုံမှန်ဝယ်ယူနေသည်။ ခရမ်းချဉ် (ရှမ်း/တောင်)မှာ အဝင်များပြီး အရည်အသွေးပေါ်မူတည်၍ ၂၀ပိဿာ တစ်သေတ္တာ ၄၀၀၀၀မှ ၅၀၀၀၀ကျပ်ဖြင့် လုံးခင်း မြစ်ကြီးနားသို့ တင်ပို့မှုရှိသည်။ ရွှာင်၊ အောင်ပန်းမှ ဂေါ်ရခါးသီး ၁၀လုံး ၂၀၀၀ကျပ်၊ ပန်းမုံလာတစ်ပွင့် ၁၂၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၁၀၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၄၀၀၀ကျပ်ဖြင့် စားသောက်ဆိုင်မှ ဝယ်ယူမှုပုံမှန်ရှိနေသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်အခြေအနေ

ဂျုံဈေးနှုန်းများ အနေနှင့် အထွက်နည်း အဝင်နည်းခဲ့ခြင်း၊ လက်ကျန်နည်းသော်လည်း ကထိန်ကာလ ဂျုံစက်များဝယ်ယူမှု နည်းခြင်းကြောင့် လက်ကျန်အရည်အသွေးပေါ်မူတည်၍ ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံများမှာ ၂၃၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်ဖြင့် အရောင်းအဝယ်အေးနေသည်။ ကလေးဂျုံ ၆၀ပိဿာ ၂၁၀၀၀၀ကျပ်၊ ရှမ်းဂျုံ ၂၀၅၀၀၀ကျပ်၊ ကြူကုတ်ဂျုံ ၁၉၅၀၀၀ကျပ်၊ ဈေးဖြင့် ရောင်းဝယ်နေသည်။ ဩစတေးလျဂျုံမှုန့်မှာ ၁ပိဿာ ၃၈၅၀ကျပ်ဖြင့် လက်လီသမားအဝယ်ပုံမှန်ရှိနေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ မိုးပြောင်းများ အသစ်ဝင်ရောက်ခြင်း၊ အစာစပ်သမားများ အဝယ်နည်း ခြင်းတို့ကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၈၀၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ခင်မေကြည်

# အစာကုန်ကျမှုသက်သာစေသည့် မြက်စားငါးကြင်းမွေးမြူရေး

ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငွေရောင်ငါးကြင်း၊ မြက်စားငါးကြင်းစတဲ့ ငါးကြင်းမျိုးစိတ်များတွင် မြက်စားငါးကြင်းကို မွေးမြူကြသည်မှာ အချိန်မကြာလှသေးပေ။ မြက်စားငါးကြင်းကို မွေးမြူကြသော ငါးကြင်းမွေးမြူရေးသမားများအတွက် နောင်အခါတွင် အကျိုးဖြစ်ထွန်းရန် အလားအလာများစွာရှိပါသည်။ ဤငါးကြင်းမျိုးမှာ မြက်ကိုစားသဖြင့် အစာကုန်သက်သာခြင်းကြောင့် ဖြစ်ပါသည်။

မြက်စားငါးကြင်းကို မွေးမြူရာတွင် ရွှေဝါငါးကြင်း မွေးမြူသကဲ့သို့ ဆင်တူယိုးမှား ဖြစ်ပါသည်။ မွေးမြူနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မြေနေရာရွေးချယ်ခြင်း

မြက်စားငါးကြင်းမွေးမြူရန် မြေနေရာရွေးလျှင် လမ်းပန်းဆက်သွယ်ရေးကောင်း၍ ဈေးကွက်ရှိသောနေရာ ကို ရွေးချယ်ရပါမည်။ မြေနေရာသည် သဲဆန်သောမြေကို မရွေးရပါ။ မြေစေးကို ရွေးချယ်ရပါမည်။ မြေစေး ဖြစ်သောကြောင့် ကန်အတွင်းရှိရေသည် ကြာရှည်ခံပါမည်။ ငါးအတွက်လည်း ပိုမိုကောင်းမွန်ပါသည်။




## ရေအမျိုးအစား

အဖန်ဓာတ်များသောရေဖြစ်ပါက မွေးမြူရန် မသင့်လျော်ပါ။ အချဉ်ဓာတ်များသောရေ ဖြစ်ပါမူ ပြုပြင်ပြီးသုံး၍ ရပါသည်။ ကန်ရေ၏ ချဉ်ဖန်နှုန်းမှာ (၇ မှ ၈ ဒသမ ၅) အထိရှိနေလျှင် အကောင်းဆုံး ဖြစ်ပါသည်။

## မွေးမြူကန် အရွယ်အစား

မြက်စားငါးကြင်းမွေးမြူရန်ကန်ကို အလျား ၂၀၀ ပေ၊ အနံ ၁၀၀ ပေရှိ ဧကဝက်ခန့် အကျယ်ဖြစ်အောင်တူးပါ။ တစ်နှစ်ပတ်လုံး ရေအနက် ၄ ပေ ရှိနေစေရန် ၆ပေခန့်နက်အောင် ကန်ကို တူးထားရပါမည်။ ကန်ဘောင်ဖို့လျှင်လည်း ကန်နှုတ်ခမ်းမှနေ၍ ၅ပေ နောက်ဆုတ်ပြီး ဖို့ထားပေးပါ။ ကန်ဘောင် ထိပ်မှနေ၍ အောက်တည့်တည့် ၁တောင် (သို့မဟုတ်) ၁၈ လက်မအကွာတွင် ရေလျှံပေါက်တစ်ခုတပ်ထားပြီး ကန်ဘောင်မပြိုရန် ကန်ဘောင်တွင်မြက်များအပြည့်ကပ်၍ စိုက်ထားပေးပါ။

## သြဇာဓာတ်ထည့်သွင်းခြင်း

ကန်ကို ရေမထည့်မီ ထုံးမှုန့် ၁၅၀ ပိဿာကို ဖြန့်ပြီး ဖြူးပေးပါ။ ထုံးမှုန့်ထည့်ပြီးလျှင် ရေထည့်ပါ။

ရေထည့်ပြီး တစ်ပတ်ကြာလျှင် နွားချေး၊ ဝက်ချေး၊ ကြက်ချေး၊ ဘဲချေး စသော မည်သည့် တိရစ္ဆာန်ချေးများကို ဖြစ်စေ ၄ ဂါလံဝင်ပုံးဖြင့် ပုံး ၁၅၀ ထည့်ပေးပါ။

ထို့နောက် ပကန်၊ ဘဲစာ၊ ခွေးမြီးဖုတ် စသော ရေမှော်ပင်များကို




တင်းတောင်းဖြင့် ၅ တောင်း ထည့်ပေးပါ။ တစ်ပတ်ကြာလျှင် ကန်တစ်ခုလုံး ရေမှော်ပင်များဖြင့် ပြည့်လာပါလိမ့်မည်။ ရေမှော်ပင်များပြည့်လာလျှင် မြက်စားငါးကြင်းသားပေါက်များကို ကန်အတွင်းသို့ ထည့်နိုင်ပါသည်။

## သားပေါက်ထည့်သွင်းနှုန်း

မြက်စားငါးကြင်းသားပေါက်များကို အခြားငါးမျိုးများဖြစ်သော ငါးကြင်း၊ငါးသိုင်းငါးများနှင့် ရောမွေးလျှင် ရနိုင်ပါသည်။မြက်စားငါးကြင်း ချည်းသက်သက် မွေးမြူလျှင် ဧကဝက်ခန့်ကျယ်သော ကန်တစ်ကန်တွင် ငါးသားပေါက် ၁၆၅၀ ကောင် ထည့်မွေးနိုင်ပါသည်။

ငါးသားပေါက်များထည့်သောအခါ အရွယ် ၄လက်မအောက် ဖြစ်လျှင်ပိုကောင်းပါသည်။ မြက်စားငါးကြင်းမွေးမြူသော ကန်ထဲတွင် မြက်နှင့် ရေမှော်ပင်များ ပေါက်နေလျှင် အကောင်းဆုံးဖြစ်ပါသည်။

## အစာကျွေးနှုန်း

မြက်နှင့်ရေမှော်ပင်များသည် မြက်စားငါးကြင်း၏ အဓိကအစာများ ဖြစ်ကြပါသည်။ ရေမှော်ပင်များကိုစားပြီး မြက်စားငါးကြင်းများကြီးထွားစေလိုပါက ကန်အတွင်းသို့တစ်လတစ်ခါ ရေမှော် ၅တင်း မှန်မှန် ထည့်ပေးရပါမည်။

ဖွဲနု၊ နှမ်းဖတ် ကျွေးလျှင်လည်း ရပါသည်။တစ်ကောင်လျှင် တစ်ကျပ်သားရှိသော ငါးကောင်ရေ ၁၆၅၀ ကောင်အတွက် တစ်နေ့လျှင် ဖွဲနု နှင့် နှမ်းဖတ် ရောထားသော အစာ ၆၅ ကျပ်သားခန့်ကို ကျွေးပါ။ အချိုး အစားမှာ ဖွဲနု ၅၀ ကျပ်သားနှင့် နှမ်းဖတ် ၁၅ ကျပ်သားကို ရေနှင့်ရောနယ်ပြီး အလုံးလုပ်ကျွေးပါ။ ဤအချိုးအတိုင်း ငါးအကောင်ကြီးလာသည်နှင့်အမျှ အစာကို တိုး၍ကျွေးပါ။

## ကြီးထွားနှုန်း

မြက်စားငါးကြင်းများသည် မြက်၊ ရေမှော်၊ ဖွဲနု၊ နှမ်းဖတ် တစ်မျိုးမျိုးကို စားရပါက တစ်နှစ်အတွင်း မြက်စားငါးကြင်း တစ်ကောင်လျှင် ၆၀ ကျပ်သားအထိ ကြီးထွားလာနိုင်ပါသည်။ဧကဝက်ရှိသော ကန်တစ်ကန်တွင် မြက်စားငါးကြင်းများ ထည့်၍မွေးမြူပါက တစ်နှစ်အတွင်း မြက်စားငါးကြင်း အချိန် ၉၀၀ ပိဿာကျော် ရရှိနိုင်ပါသည်။ မြက်စားငါးကြင်းမွေးမြူရေးသည် တွက်ခြေကိုက်သောမွေးမြူရေးလုပ်ငန်းဖြစ်သဖြင့် တစ်နိုင်တစ်ပိုင်ရောစီးပွားဖြစ်ပါ မွေးမြူသင့်ပေသည်။

ဇော်ကြီး(ငါးဦးစီး)